# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၃၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ◆




## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက်


*စာမျက်နှာ ၄ ကော်လံ ၁* ❑


## ယနေ့ ဖတ်စရာ





**မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့၏ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲ**

ဆောင်းပါး စာ - ၆

**အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ဘဏ္ဍာ မြန်မာငွေကျပ်သန်းပေါင်း ၂၅၉,၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ နစ်နာဆုံးရှုံးဖြစ်ပေါ်ခဲ့**

ပြည်တွင်းသတင်း စာ - ၈

**တလေထဲ၊ တသံထဲ**

ဆောင်းပါး စာ - ၁၀

**အာကာသထဲသို့ ဂြိုဟ်တုသစ်တစ်စင်း တရုတ်နိုင်ငံ အောင်မြင်စွာ လွှတ်တင်**

နိုင်ငံတကာသတင်း စာ - ၁၃

မြန်မာ့အလင်း

# အခြေခံပညာ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်မှုများ ပပျောက်ရေး

ကျောင်းနေအရွယ် ကလေးအားလုံး KG+9 အထိ သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။ KG+9 ဆိုသည်မှာ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးမြောက်ရေးဖြစ်ပြီး အနည်းဆုံး ယင်းအဆင့်အထိ အောင်မြင်ပြီးမှသာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုအစရှိသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပြောင်းလဲသင်ယူလိုက သင်ယူနိုင်ကြရန်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မိမိတို့ နိုင်ငံ၌ သူငယ်တန်းသို့ စတင်ဝင်ရောက်လာသူ ၁၀၀ လျှင် ၅၀ လျော့လျော့မျှသာ အလယ်တန်းပညာရေး အောင်မြင်ပြီးမြောက်ကြသည်ကို တွေ့ရပြီး တစ်ဝက်ကျော်ကျော်မှာ အောက်ပိုင်းအတန်း အဆင့်ဆင့်တို့တွင် ကျောင်းထွက်သွားကြခြင်း ဖြစ်သည်။

"ကျေးလက်နေ ကလေးငယ်များ၏ ပညာရေးသည် အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားမြင့်တင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးတွင် မူလတန်းပညာရေးကို မသင်မနေရအဖြစ် အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားကြောင်း၊ ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် နည်းပညာလိုအပ်ချက်အရ KG+9 အထိ မသင်မနေရအဖြစ် သတ်မှတ်၍ ပညာရေးကို မြှင့်တင်ပေးရန်အတွက် မိမိတို့တာဝန်ယူချိန်ကာလအတွင်း ဆောင်ရွက်နေကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) တွင် ပြောကြားခဲ့ရာ ကျေးလက်နေကျောင်းနေအရွယ်ကလေးအများစုအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ ကလေးအားလုံး အခြေခံပညာ အလယ်တန်းပညာရေး အောင်မြင်ပြီးဆုံးသည်အထိ မဖြစ်မနေ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သူငယ်တန်းမှ စတင်ဝင်ရောက်လာသည့် ကျောင်းသူကျောင်းသားကလေးငယ်အားလုံး အခြေခံပညာအလယ်တန်း သင်ယူပြီးဆုံးသည်အထိ စာသင်နှစ်များအားလုံးတွင် ကလေးများနေ့စဉ်ကျောင်းမှန်မှန်တက်ရေး၊ တစ်တန်းပြီးတစ်တန်း တန်းစဉ်မှန်မှန်ကူးပြောင်းနိုင်ရေးတို့အတွက် မိဘများ၊ ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများက အဓိကဆောင်ရွက်ကြရမည်ဖြစ်သော်လည်း အချို့သောအခြေအနေများတွင် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ကျောင်းအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများစသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမှသာလျှင် မိသားစုအခက်အခဲများ၊ လူမှုအကျပ်အတည်းများ စသည့် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ တစ်ပိုင်းတစ်စ အနည်းငယ်မျှနှင့် ကျောင်းထွက်ကြရသည့်ဖြစ်ရပ်များ လျော့နည်းသွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပညာသင်ကြားတတ်မြောက်မှုအခြေအနေမှာ နိမ့်ကျလျက်ရှိပြီး လုံးဝကျောင်းမနေဖူးသူများ၊ မူလတန်းပညာ တစ်ဝက်တစ်ပျက်၊ အလယ်တန်းပညာ တစ်ဝက်တစ်ပျက် စသည့်ပမာဏကြီးမားစွာ ရှိနေခြင်းက နိုင်ငံ၏အနာဂတ်အတွက် ကောင်းသည့် လက္ခဏာ မဟုတ်ခြင်းကြောင့် ပညာရေးမြှင့်တင်မှုကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသားပညာရေးမြှင့်တင်ရန်မှာ အစိုးရ၏ မူဝါဒချမှတ်အကောင်အထည်ဖော်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

****************************

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်

ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ( ၂၃ )ရက်

၁။ တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခြင်း မရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စနစ်ဟောင်း၊ သင်ရိုးဟောင်း တက္ကသိုလ်ဝင်စာမေးပွဲကို နောက်ဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးလျှင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်း (၇၀၀ိ/-) နှင့် လျှောက်လွှာတစ်စောင် (၂၀၀ိ/-) စုစုပေါင်း (၉၀၀ိ/-) ကျသင့်ပါမည်။

၃။ စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊(၅)၊(၆)၊(၇)၊(၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊(၃)၊(၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀၀ိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀၀ိ/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်များအတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ စာဖြေသူ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာပုံစံတွင် မိဘအမည်၊ မွေးသက္ကရာဇ်များကို ကျောင်းဝင်(ခ)စာရင်းအတိုင်း မှန်ကန်စွာဖြည့်စွက်ရေးသွင်းရန် လိုအပ်ပါမည်။

၇။ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး သတ်မှတ်ရက်များအတွင်း အချိန်မီပေးပို့ရန် ဖြစ်ပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

---

## ပဲခူးနှင့် တောင်ငူမြို့တို့တွင် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများ ကျင်းပ

ပဲခူး ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီက ပဲခူးမြို့ အ.ထ.က (၁) သီရိပညာခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အခမ်းအနားတွင် အမှတ် (၃၆) မူးယစ်တပ်ဖွဲ့စု ပဲခူးမှ တပ်ဖွဲ့စုမှူး ရဲမှူးဆန်းထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ဆေးခြောက်ထည့်သွင်းထုတ်လုပ်ထားသော အစားအစာနှင့်ဆေးဝါးများ၊ မူးယစ်ဆေးဝါးအာနိသင်ပါရှိသော အစားအစာများအား သုံးစွဲ၊ ရောင်းချမှုမရှိစေရေးအကြောင်း၊ အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ပဲခူးမှ ရဲအုပ် အေးကြည်ပြာသိန်းက လူကုန်ကူးမှုနှင့်ပတ်သက်ပြီး ဟောပြောကာ ပညာပေးစာစောင်များ ဖြန့်ဝေပေးပြီး ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်သည်။

အလားတူ တောင်ငူမြို့ အ.ထ.က (၁) မင်းကြီးညိုအဆောင်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောခြင်းကို အမှတ်(၃၆) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ဇော်မင်းအေးက ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ကိုတွတ်(ပြန်/ဆက်)**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ လဝကရုံးအတွင်းသို့ PDF အကြမ်းဖက်သမားနှစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ဦးစီးမှူး စိုးရိမ်ဒဏ်ရာရ၍ ဒုဦးစီးသေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **" PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အဓိကငွေကြေးထောက်ပံ့နေသည့် မြန်မာသူရ ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရအပါအဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြ တို့ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား ၁ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား ၂) အား ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသူများမှ မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ





**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ –၁ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဥက္ကဋ္ဌ–၂ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ –၁ က အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ မြေစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအသီးသီးကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေ (မူကြမ်း) ရေးဆွဲရေးသည် လုပ်ငန်းကော်မတီ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ယင်းသို့ ကနဦးရေးဆွဲရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှု မူဝါဒ အပါအဝင် ယခင်က ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေး ညီလာခံများက ဖော်ထုတ်ထားသည့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများမှ “မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍ” ပါ အချက်အလက်များကို အခြေခံရန် လိုအပ်မည်ဖြစ်ကြောင်း။

အမျိုးသားမြေဥပဒေ မူကြမ်းရေးဆွဲပြုစုခြင်း လုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးဖြစ်သည့် မြေစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသော တည်ဆဲ (ကျင့်သုံးဆဲ) ဥပဒေများ အရေအတွက်၊ ယင်းဥပဒေများအရ မြေအမျိုးအစားများ၊ စီမံခန့်ခွဲနေကြသည့် ဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုများကို စုစည်းလေ့လာသုံးသပ်ပြီး ဥပဒေသများ သဟဇာတဖြစ်ရေးကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးခန့်၏ မတူကွဲပြားသော ဒေသဓလေ့ထုံးတမ်းများကိုလည်း အမျိုးသားမြေဥပဒေတွင် ခြုံငုံပါဝင်စေရန် မြေဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်အဆင့်တိုင်း၌ ပါဝင်အောင် ရေးဆွဲရန် လိုအပ်မည်ဖြစ်၍ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ–၂ က မိမိတို့ ရေမြေဒေသအခြေအနေများပေါ် အခြေခံ၍ အမျိုးသား မြေဥပဒေမူကြမ်းတွင်ပါဝင်မည့် အခန်းခွဲများ မှန်ကန်ရေး၊ လိုအပ်ချက်များ အသေးစိတ်ထည့်သွင်းရေးဆွဲရေး ညှိနှိုင်းဆောင်ရွက်သွားရန် လိုကြောင်း၊ လုပ်ငန်းများ လျင်မြန်သွက်လက်စေရေးအတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းနှင့် အချိန်ကာလများ တိတိကျကျ ခွဲဝေဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မြေဥပဒေမူဘောင်ဆိုင်ရာ အခန်းကဏ္ဍ အချက်အလက်ကောက်နုတ်ချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အစည်းအဝေး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

အမျိုးသားမြေအသုံးချမှုကောင်စီ၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်– ၁၁/ ၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သော အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများသဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဖွဲ့ဝင် (၁၉) ဦး ပါဝင်ကာ တည်ဆဲမြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများကိုလေ့လာ၍ ဥပဒေများ သဟဇာတဖြစ်စေရေးအတွက် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အချက်များ စုဆောင်းရရှိနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ဘာသာရပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ တောင်းခံရယူခြင်း၊ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရယူခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီး အမျိုးသား မြေအသုံးချမှုမူဝါဒနှင့်အညီ မြေစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သော တည်ဆဲဥပဒေအသီးသီးကို လွှမ်းခြုံသည့် အမျိုးသား မြေဥပဒေ (မူကြမ်း) ကို ကနဦးရေးဆွဲ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ ဦးစီး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီး ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဦးစီးကော်မတီဝင် များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ နေပြည် တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာန ဆိုင်ရာ အကြီးအကဲများ တက် ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရသများ ဖြင့် ပြည်သူများအား ဖျော်ဖြေ တင်ဆက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ကြောင့် ခေတ္တရပ်နားထားခဲ့ရ သော ဖျော်ဖြေတင်ဆက်မှု လုပ်ငန်းများ ပြန်လည်စတင်၍ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေ အနားယူနိုင်ရန် ရည်ရွယ်၍ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်း အမှတ်အဖြစ် နိုင်ငံတော်အဆင့် ပဒေသာကပွဲတစ်ခုကို နိုဝင်ဘာလ အတွင်း ကျင်းပရန် လျာထားပါ ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ် ရေးနေ့သည် နိုင်ငံတော်၏ အချုပ် အခြာ အာဏာကို ၇၅ နှစ်လုံး အစိုးရအဆက်ဆက် ထိန်းသိမ်း နိုင်ခဲ့သည့် အဓိပ္ပာယ်ပြည့်ဝပြီး အနှစ်သာရရှိသော နေ့ထူးနေ့မြတ် တစ်ခု ဖြစ်သည့်အားလျော်စွာ အဆိုပါ ပဒေသာကပွဲကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး အတွက် အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်း လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုက ရက်လျာထား မှုနှင့်ပတ်သက်၍ အခမ်းအနား တစ်ခုနှင့် တစ်ခုကြား လွတ်ကင်း သော ရက်ရွေးချယ် သတ်မှတ်နိုင် ရေးနှင့် ယခုကျင်းပမည့် ပဒေသာ ကပွဲကို လစ်ဟာမှုမရှိအောင် မိမိတို့ဘက်မှ အစွမ်းကုန်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမရှိ လေဟာပြင် ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး ပဒေသာ ကပွဲကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကျင်းပမည့် အချိန် ကာလ၊ ဖျော်ဖြေရေး အစီအစဉ် များ လျာထားမှု၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လုပ်ငန်းစဉ်များ ဆွေးနွေး**

ယင်းနောက် ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး တို့မှ တာဝန်ရှိသူများနှင့် တက် ရောက်လာကြသူများက ပဒေသာ ကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာကဏ္ဍ အလိုက် ကြိုတင်စီမံဆောင်ရွက် ထားရှိမှုများ၊ ဆက်လက်ဆောင် ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးတင်ပြချက် များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်း သဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ် ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင် ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် တစ်လသား အရွယ်တွင် အရပ်အမြင့် ၂ ပေ ၆ လက်မခွဲ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၃ လက်မ၊ ကိုယ်အလေးချိန်၂၀၂ ပေါင်ခန့်ရှိလာပြီး မိခင် ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူ တော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူ တော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human and Friendly စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေ သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များကို ဆန်နှင့် စားသောက် ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံ မြို့နယ်ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြ သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြု အမှာစကားများ ပြောကြားကြ သည်။ ထို့နောက် ရန်ကုန်တိုင်း ဒေသကြီးအတွင်း လုံခြုံရေး တာဝန် ထမ်းဆောင်နေသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာ များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများသည် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအား သွားရောက် တွေ့ဆုံ၍ ရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးကာ စားသောက်ဖွယ်ရာ များ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

---

## ဆွစ်ဇာလန်နိုင်ငံသို့ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန် တင်ပို့

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမ အသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းသည် သမဝါယမအသင်းသားများ စိုက်ပျိုး ထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ (TBC) စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်တွင် ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေး ဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပ နိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံသို့ အဋ္ဌမ အကြိမ်အဖြစ် Green Bean တစ်အိတ်လျှင် 60 Kg ဖြင့် အိတ်ပေါင်း ၇၁၀၊ ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန်၊ ကွန်တိန်နာ နှစ်လုံးကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ယူရီးယားမြေဩဇာ တင်သွင်းပြီးတန်ချိန် ၁၇၇၀၀၀ ခန့်ရှိပြီး ဖြန့်ဖြူးရောင်းချမှုအနေဖြင့် တန်ချိန် ၁၁၅၀၀၀ ခန့် ရောင်းချပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၃**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရုံးအမှတ် (၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Online စနစ်ဖြင့် ကျင်းပသည်။



ရှေးဦးစွာ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဓာတ်မြေဩဇာများ ပြည်ပမှ တင်သွင်းနိုင်ရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ကို ထောက်ခံပေးလျက်ရှိပြီး မေ ၁၁ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ယူရီးယား တန်ချိန် ၃၄၉၀၅၅ တန်နှင့် ကွန်ပေါင်းတန်ချိန် ၄၇၅၂၁၅ တန်တို့ကို ထောက်ခံပေးထားပြီး ဖြစ်ပါကြောင်း၊ တင်သွင်းပြီးတန်ချိန် ၁၇၇၀၀၀ ခန့်ရှိပြီး ဖြန့်ဖြူးရောင်းချမှုအနေဖြင့် တန်ချိန် ၁၁၅၀၀၀ ခန့် ရောင်းချပြီးဖြစ်ပါကြောင်းနှင့် တင်သွင်းရန်ကျန်ရှိနေသော မြေဩဇာများအား အချိန်မီတင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အကျိုးတူလယ်ယာစနစ် (Contract Farming) စနစ် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါး စိုက်တောင်သူများ၊ နေကြာနှင့် အခြားသီးနှံစိုက်ပျိုးသော တောင်သူများအား သွင်းအားစုများ ပံ့ပိုးပေးနိုင်ရန်အတွက် လိုအပ်မှုနှင့် လက်ရှိအခြေအနေ၊ ထပ်မံဝယ်ယူရမည့် တန်ချိန်များကို တွက်ချက်ပြီး လက်ဝယ်ရောက်ရှိသင့်သည့်ကာလနှင့် အချိန်ကိုက်ဖြစ်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

နှမ်းစပါးနှင့် ဆောင်းသီးနှံအတွက် လိုအပ်သော ဓာတ်မြေဩဇာများ အမြန်တင်သွင်းနိုင်ရန်နှင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် သတ်မှတ်ချိန်အမီ သုံးစွဲနိုင်ရန်၊ နေကြာစိုက် တောင်သူများကို လာမည့် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ပံ့ပိုးပေးနိုင်ရန်တို့အတွက် ဆောင်ရွက်မည့် အစီအစဉ်များ ပြန်လည်ဆွေးနွေးတင်ပြပေးရန်နှင့် ဦးဆောင်ကော်မတီ၏ အဓိက ရည်ရွယ်ချက်မှာ ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများ ဝယ်ယူသုံးစွဲနိုင်ရေး အတွက် နိုင်ငံခြားငွေဝယ်ယူခွင့်ရရှိရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆွေးနွေးပေးနိုင်ရန်နှင့် လိုအပ်သည်များရှိပါက ဦးဆောင်ကော်မတီသို့ အချိန်မီတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် Consortium အဖွဲ့ တာဝန်ရှိသူတစ်ဦးတို့က ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေ ဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှု၊ ရောင်းချဈေးနှုန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းဆိုင်ရာများ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆန်စက်မှ ဘေးထွက်ပစ္စည်းများဖြင့် သဘာဝမြေဩဇာ အမျိုးမျိုး ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာအနီး၊ ရွှေဟိန်းဆန်စက်မှ ဘေးထွက်ပစ္စည်း ဖြစ်သည့် (စပါးခွံ၊ ဖွဲပြာ၊ ဖွဲနု) များနှင့် ကောက်ရိုးများ၊ (EM) ဖျော်ရည်များ၊ နွားချေးများ ပါဝင်ပြုလုပ်သော သဘာဝမြေဩဇာအမျိုးမျိုး ပြုလုပ်သုံးစွဲနည်း သင်တန်းနှင့် သရုပ်ပြပွဲကို ယမန်နေ့နံနက်က အဆိုပါ ဆန်စက်ဝင်းအတွင်း၌ ကျင်းပသည်။



အဆိုပါသင်တန်းနှင့်သရုပ်ပြပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက တက်ရောက်လာကြသော စိုက်ပျိုးရေးတောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကို သင်တန်းနှင့် သရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး ပညာရှင်များအား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းမှာကြားခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းထိန်က သဘာဝမြေဩဇာသုံးစွဲမှု၊ သီးနှံစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် မြေအသုံးချရေး တာဝန်ခံ ဒေါ်ခင်ခင်မိုးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ဆန်စက်များ၏ ဘေးထွက်ပစ္စည်းများမှ သဘာဝမြေဩဇာ အမျိုးမျိုး ပြုလုပ်သုံးစွဲနည်းများကို သင်ကြားပို့ချပေးပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များက (EM)ဘိုကာရှီ မြေဆွေးပုံပြုလုပ်နည်း၊ စူပါဘိုကာရှီ ပြုလုပ်နည်း၊ (Biochar) စပါးခွံမီးသွေး ပြုလုပ်နည်းများအား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **မောင်မွေး**

# ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥနှင့် ရာသီသီးနှံများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၂၃**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ဩဂုတ် ၂၂ ရက်နှင့် ယနေ့ နံနက်ပိုင်းတို့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက လင်းခေးမြို့ ယာယီပုံကျဈေးအနီး၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် ကမ်းနားအောက်လမ်း ၂၂ လမ်းနှင့် ၂၆ လမ်းကြားရှိ သီရိမာလာဈေး အရှေ့၌လည်းကောင်း တပ်မတော်သားမိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့်ဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည့် ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့၏ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲ

## ဝင်းထွဋ်

**တပ်မတော်သားဆိုသည်မှာ ပြည်သူများမှမွေးဖွားလာသော ပြည်သူတို့၏သားသမီးများသာဖြစ်သည်။ သားသမီးတို့အောင်မြင်မှုကို မိဘတိုင်းကဝမ်းသာကြည်နူးကြသည်။ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိဟူသော သတင်းတစ်ရပ်သည် ပြည်သူတို့၏ရင်ကိုအေးမြဝမ်းသာစေခဲ့သည်။ ထို့အတူ တပ်မတော်သားအားလုံးတို့ဝမ်းသာကြသည်၊ တပ်မတော်သားဆိုသည်မှာ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ်နေထိုင်ကြရသူများဖြစ်သည့်အတွက် ဝမ်းသာစရာရှိလျှင်လည်းအတူတူ ဝမ်းသာကြသည်။ ဝမ်းနည်းစရာရှိလာလျှင်လည်း အတူတူဝမ်းနည်းကြသည်။ တင့်တပ်ဖွဲ့၏ ပထမဆုရရှိသည့်သတင်းမှာ ရာနှုန်းပြည့်ဝမ်းသာဖွယ် သတင်းကောင်းဖြစ်ပေသည်။**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှစတင်၍ကျင်းပပြုလုပ်လျက်ရှိသော International Army Games-2022 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Crews Competition) Division-2 သို့ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ထိုက်တန်စွာရယူနိုင်ခဲ့သည်။ ထိုသတင်းကို မြဝတီရုပ်မြင်သံကြားသတင်းတွင် ပြည့်ပြည့်စုံစုံ ပြသခဲ့သည်။ မြန်မာ့တင့်ကားတပ်ဖွဲ့ဝင်တို့ ခက်ခက်ခဲခဲဖြတ်ကျော်မောင်းနှင်နေသည်ကို တွေ့မြင်ကြရသည်။ နိုင်ငံနှင့် လူမျိုးကိုချစ်သူတိုင်းက ထိုသတင်းကိုဩဘာလက်ခုပ်ပေးကြသည်။ တပ်မတော်၏ စွမ်းရည်ကိုမိမိတို့ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကိုသီဆိုပြီး နိုင်ငံတော်အလံကို အလေးပြုသည့် မြင်ကွင်းကိုတွေ့မြင်ရသည်မှာ ကြက်သီးမွေးညင်းထလောက်အောင် ရင်ထဲမှာခံစားရသည်။ မည်သည့်အရာနှင့်မျှ မလဲနိုင်သော ဝမ်းသာပီတိဖြစ်ပေသည်။







မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ တင့်ကားမောင်းနှင် ပစ်ခတ်ပြိုင်ပွဲ ဝင်နေစဉ်။

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် (Tank Crews Competition) Devision-2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခါ့ဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေနီးယားနှင့် မာလီနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့် အတူ မိုင်ကုန်မောင်းနှင်၍စံချိန်ယူခြင်း၊ ၁၂၅ မီလီမီတာအမြောက်အားရပ်လျက် ကျည်သုံးတောင့် ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်စက်သေနတ်ကျည် ၁၅ တောင့်ရပ်လျက် ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ Crew-1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့်လည်းကောင်း၊ Crew-2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့်လည်းကောင်း၊ Crew-3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့်လည်းကောင်း စုစုပေါင်းပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခုတွင် ၁၄ ခုကိုထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့တပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ်အပါအဝင် (၅)ကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် ၁၆၊ ၂၀၁၉ ခုနှစ်တွင် Devision-2 ၌ ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် ၅၊ ၂၀၂၀ ပြည့်နှစ်တွင် Division-2 ၌ ပြိုင်ပွဲဝင် ရှစ်သင်းအနက် အဆင့် ၄၊ ၂၀၂၁ ခုနှစ်တွင် Division-2 ၌ ပြိုင်ပွဲဝင် ၈ သင်းအနက် တတိယအဆင့် စသည်ဖြင့် ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၃၄ မျိုးတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ တပ်မတော်သားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မိမိတို့ ယှဉ်ပြိုင်ခဲ့သည် Division-2 တွင် T-72 ပင်မတိုက်ပွဲဝင်တင့်ဖြင့် စစ်မြေပြင်တွင် လက်တွေ့အသုံးပြုတိုက်ပွဲဝင်ခဲ့ကြသည့် ဆီးရီးယားနှင့် အာမေနီးယားကဲ့သို့ အသင်းကောင်းများ ပါဝင်ခဲ့ကြသလို ယခင်နှစ်ပြိုင်ပွဲများတွင် Division-1 ၌ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ဖူးသည့် အီရန်ကဲ့သို့ အသင်းကောင်းများ ပါဝင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် ထိုသို့သောအသင်းကောင်းများနှင့် ယှဉ်ပြိုင်ရင်ဆိုင်နိုင်ရေးအတွက် ပြိုင်ပွဲမဝင်မီ ရက်သတ္တပတ်ပေါင်းများစွာကပင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မိုင်းမောဒေသရှိ သံချပ်ကာ ယန္တရားသင်တန်းကျောင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပြိုင်ပွဲဝင်ရမည့်ပုံစံအတိုင်း သဏ္ဌာန်တူလေ့ကျင့်ရေးကွင်း ဖောက်လုပ်ကာ နေ့စဉ်အချိန်အဟုန်မပြတ် ကြိုတင်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ရပါသည်။

ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်အနေဖြင့် စည်းမျဉ်းစည်းကမ်းများမှာ ယခင်နှစ်နှင့် မတူတော့ဘဲ အနည်းငယ်ပြောင်းလဲမှုများရှိခဲ့ရာ ပြိုင်ပွဲဝင်အသင်းများအတွက် စိန်ခေါ်မှုမှာ ပိုမိုမြင့်မားလာခဲ့ပါသည်။ Individual Race ဟုခေါ်သည့် တိုက်ယာဉ်အဖွဲ့တစ်ဖွဲ့ချင်း ယှဉ်ပြိုင်မောင်းနှင်မှုတွင် တင့်များရှိ လေယာဉ်ပစ်စက်သေနတ်နှင့် ယှဉ်တွဲပါ စက်သေနတ်များကို တင့်၌ကြိုတင်တပ်ဆင်ပေးထားခြင်း မရှိတော့ဘဲ သတ်မှတ်နေရာသို့ ရောက်ရှိမှသာ တင့်ကိုရပ်ပြီး စက်သေနတ်များကို တပ်ဆင်ပစ်ခတ်ရခြင်းဖြစ်ပါသည်။ ထို့အပြင် ပစ်ခတ်စဉ်များ၌ တင့်ပစ်မှတ်တစ်ခု လွဲချော်ပါက ကွင်းပိုပတ်ခြင်းပြစ်ဒဏ်အား ယခင်က တစ်ပတ်သာမောင်းနှင်ရသည့် အနေအထားမှ ယခုနှစ်တွင် နှစ်ပတ်မောင်းနှင်ရခြင်း ဖြစ်ပါသည်။

အသင်း၏ ဖွဲ့စည်းပုံကိုလည်း အနည်းငယ်ပြောင်းလဲထားပြီး ပြိုင်ပွဲဝင်အသင်းအနေဖြင့် ဒိုင်ချုပ်၏ သတိပေးမှုသုံးကြိမ်နှင့်အထက် ခံရပြီဆိုပါက ပြိုင်ပွဲမှ နုတ်ထွက် (Disqualify) ရမည်ဖြစ်သည်။ ဒိုင်ချုပ်၏သတိပေးမှုသည် ပြိုင်ပွဲအတွင်းတွင်သာမကဘဲ အခြားအချိန်များတွင်လည်း ဖြစ်နိုင်သဖြင့် အသင်းတစ်သင်းကောင်းဖို့ရန်မှာ ပြိုင်ပွဲတွင် ဝင်ရောက်မောင်းနှင်ခြင်းသာမကဘဲ ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့လုံး၏ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းစနစ်တကျရှိရေးမှာ ယခင်နှစ်များကထက် ပိုမိုတင်းကျပ်ပြီး စိန်ခေါ်မှုများလည်း မြင့်မားလာခဲ့ပါသည်။

ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြိုင်ပွဲမစတင်မီ ၁၀ ရက်ခန့် ကြိုတင်ရောက်ရှိကာ ပြိုင်ပွဲဝင်ရန် စာရင်းသွင်းခြင်း၊ ပြိုင်ပွဲဝင်မည့်ကွင်းကို လေ့လာခြင်း၊ တိုက်ယာဉ်အရောင်မဲနှိုက်ခြင်း၊ တိုက်ယာဉ်များနှင့် လိုက်နာရမည့်စည်းကမ်းများ သင်ကြားပြသပေးခြင်း၊ တိုက်ယာဉ်ကြံ့ခိုင်ထိန်းသိမ်းမှု ဆောင်ရွက်ခြင်း၊ ချိန်သားညှိပစ်ခတ်ခြင်းနှင့် ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်ခြင်းများကို ကြိုတင်ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် "ပွဲမဝင်ခင် အပြင်က ကျင်းပ" ဆိုသလို ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မသွားရောက်မီကပင် လိုအပ်သည့်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကာ "ကြိုတင်ပြင်ဆင် အောင်ပွဲဆင်" ဆိုသည့်အတိုင်း အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

### ပြိုင်ပွဲဝင်ပုံ

ယခုနှစ် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ရုရှားနိုင်ငံက ထုတ်ပေးထားသည့် T–72 B3M ပင်မတိုက်ပွဲဝင်တင့်များကို အသုံးပြုမောင်းနှင်ယှဉ်ပြိုင်ခဲ့ရပြီး မိမိအစီအစဉ်ဖြင့် တိုက်ယာဉ်များ ယူဆောင်လာမည်ဆိုပါက အလေးချိန် ၄၄ တန်နှင့်အထက်ရှိသည့် ပင်မတိုက်ပွဲဝင်တင့်နှင့် ပြောင်းထွက်ရှိန် ၁၀၀၀ မီတာ/စက္ကန့်ထက်မပိုသည့် တင့်ခဲယမ်းများအသုံးပြုယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နှစ်စဉ် ၎င်းတို့ကိုယ်ပိုင် Type–96 B တင့်များကို အသုံးပြုယှဉ်ပြိုင်သကဲ့သို့ ဘီလာရုစ်နိုင်ငံသည်လည်း ၎င်းတို့ကိုယ်ပိုင် T–72BME တင့်များကို အသုံးပြု၍ ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲအား အုပ်စုနှစ်စုခွဲ၍ ကျင်းပပြုလုပ်လေ့ရှိပြီး ယခင်နှစ်ပြိုင်ပွဲ ရလဒ်များအပေါ်မူတည်၍ Division– 1 နှင့် Division– 2 ဟူ၍ အုပ်စုနှစ်စုခွဲ၍ ကျင်းပခဲ့ကြသည်။ သာမန်အားဖြင့် အုပ်စုတွင်းပြိုင်ပွဲများအား ပြိုင်ပွဲဝင်နိုင်ငံအသီးသီး၏ တိုက်ယာဉ်အဖွဲ့သုံးဖွဲ့ အလှည့်ကျယှဉ်ပြိုင်ရသည့် တစ်စီးချင်း ပြိုင်ပွဲအဖြစ်လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများအား လက်ဆင့်ကမ်းပြိုင်ပွဲအဖြစ်လည်းကောင်း ယှဉ်ပြိုင်ကျင်းပခဲ့ကြသော်လည်း ယခုနှစ်တွင် ထိုသို့ပြိုင်ပွဲအဆင့်ဆင့်အား Division – 1 တွင်သာ သတ်မှတ်ထားပြီး Division – 2 တွင်မူ တစ်စီးချင်း ပြိုင်ပွဲမှ တိုက်ယာဉ်အဖွဲ့သုံးဖွဲ့၏ စံချိန်များကိုပင် စုပေါင်းကာ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ဆုများအသီးသီး ချီးမြှင့်မည်ဖြစ်ပါသည်။

တင့်မောင်းနှင်ကွင်းအတွင်း အခက်အခဲအတားအဆီးများအဖြစ် တိုင်ဝင်/တိုင်ထွက် အတားအဆီး၊ မိုင်းကွင်းအတားအဆီး၊ ရေကန်အတားအဆီး၊ တောင်ကုန်းအတားအဆီး၊ မီးလောင်ကွင်း အတားအဆီး၊ တင့်ထောင်ချောက်အတားအဆီး၊ တံတားအတားအဆီး၊ တောင်စောင်းအတားအဆီး၊ မြေပြတ်အတားအဆီး စသည့် အတားအဆီးအမျိုးမျိုးကို ဖြတ်ကျော်မောင်းနှင်ရပြီး ပစ်ခတ်မှုအနေဖြင့် ၁၆၀၀ မီတာ၊ ၁၇၀၀ မီတာ၊ ၁၈၀၀ မီတာ အကွာအဝေးများမှ တင့်ပစ်မှတ်သုံးခုအား ၁၂၅ မမ တင့်ဖျက်ခွင်းကျည်သုံးတောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၈၀၀ မှ ၁၀၀၀ မီတာ အကွာအဝေးအတွင်းရှိသော ရဟတ်ယာဉ်ပစ်မှတ် တစ်ခုအား ၁၂ ဒသမ ၇ မမ စက်သေနတ်ကျည် ၁၅ တောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၆၀၀၊ ၇၀၀၊ ၈၀၀ မီတာများမှ ရန်သူပခုံးထမ်းတင့်ဖျက်သမား ပစ်မှတ်တစ်ခုအား ၇ ဒသမ ၆၂ မမ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့်ဖြင့် ရပ်လျက်ပစ်ခတ်ခြင်းများ ပြုလုပ်ယှဉ်ပြိုင်ရခြင်းဖြစ်ပါသည်။

ပြိုင်ပွဲတွင် အုပ်စုအသီးသီးမှပြိုင်ပွဲဝင်အသင်းများသည် မဲနှိုက်၍ရရှိသောတင့်အရောင်များအတိုင်း အုပ်စုငယ်များပြန်လည်စုဖွဲ့၍ ၄ ကီလိုမီတာ အကွာအဝေးရှိ ပြိုင်ပွဲဝင်ကွင်းအား သုံးပတ် ယှဉ်ပြိုင်မောင်းနှင်ခဲ့ကြရသည်။ ပြိုင်ပွဲဝင်နိုင်ငံများမှ တိုက်ယာဉ်များအား တစ်စီးချင်း တာလွှတ်ခြင်းဖြစ်ပြီး တစ်စီးနှင့်တစ်စီး ငါးမိနစ်ခန့်ခြား၍ တာလွှတ်ခြင်းဖြစ်ပါသည်။ ပထမအပတ်တွင် တင့်ပစ်မှတ်ကိုလည်းကောင်း၊ ဒုတိယအပတ်တွင် ရဟတ်ယာဉ်ပစ်မှတ်ကိုလည်းကောင်း၊ တတိယအပတ်တွင် ရန်သူပခုံးထမ်း တင့်ဖျက်သမားပစ်မှတ်ကိုလည်းကောင်း အသီးသီးပစ်ခတ်ကာ အတားအဆီးများကို ဖြတ်ကျော်မောင်းနှင်ရခြင်းဖြစ်ပါသည်။

### မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်း

မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်းအနေဖြင့် ပြိုင်ပွဲဝင်အဖွဲ့သားများကို ပြိုင်ပွဲဝင်ဟောင်း ၅၀ ရာခိုင်နှုန်းနှင့် ပြိုင်ပွဲဝင်သစ် ၅၀ ရာခိုင်နှုန်းဖြင့် အသီးသီးဖွဲ့စည်းလေ့ကျင့်ခဲ့ရာတွင် လေ့ကျင့်မှုရလဒ်ကောင်းများပေါ်ထွက်လာခဲ့သည့်အပြင် ကျွမ်းကျင်တိုက်ယာဉ်အဖွဲ့သားများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ “လေ့ကျင့်၊ ကျွမ်းကျင်၊ အောင်ပွဲဆင်” ဆိုသလိုပင် လေ့ကျင့်ခဲ့စဉ်ကာလမှာပင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် ပြိုင်ပွဲဝင်အဖွဲ့သားများအနေဖြင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ချက်များလည်း ခိုင်မာနေခဲ့ကြပါသည်။ သို့သော်လည်း အခြားနိုင်ငံများမှအသင်းများသည်လည်း အသီးသီးတိုးတက်လာနိုင်သည်ဖြစ်ရာ ပြိုင်ပွဲကို သတိရှိရှိအမှားအယွင်းအနည်းဆုံးဖြင့် ယှဉ်ပြိုင်နိုင်မှသာ အောင်ပန်းဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲဝင်အဖွဲ့သား



☆ ပြိုင်ပွဲအတွင်း မြန်မာအသင်းအနေဖြင့် စုစုပေါင်း ပစ်မှတ် ၁၅ ခုအနက် ၁၄ ခုကို ထိမှန်ခဲ့သည်ဖြစ်ရာ မိမိနိုင်ငံအသင်း၏ ပြိုင်ပွဲဝင်သမိုင်းတစ်လျှောက် ထိချက်အများဆုံး ပြိုင်ပွဲတစ်ခုဖြစ်ခဲ့

☆ ၂၀၂၂ ခုနှစ် တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲကို နိုင်ငံတကာတပ်မတော်များရှေ့မှောက်တွင် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ သန့်သန့်ရှင်းရှင်းပြိုင်ပွဲဝင်ခဲ့ပြီး ပထမဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်

အားလုံးက ခံယူချက်ထားပြီး စနစ်တကျလေ့ကျင့်ခဲ့ကြခြင်းလည်းဖြစ်ပါသည်။

ပထမနေ့ပြိုင်ပွဲတွင် တိုက်ယာဉ်အဖွဲ့–၁ (Crew–1) က ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် အခြားပြိုင်ပွဲဝင်တင့်အဖွဲ့များကို ဖြတ်ကျော်လျက် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ပါသည်။ ပစ်မှတ်အားလုံးကိုလည်း ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ရာ ပြိုင်ပွဲဝင်အဖွဲ့သားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာကို မြင့်တက်လာစေခဲ့ပါသည်။ တိုက်ယာဉ်အဖွဲ့–၁ အနေဖြင့် ပထမဆုံးပန်းဝင်နိုင်ခဲ့သည့်အတွက် မျှော်မှန်းထားသည်ထက် ပိုမိုသာလွန်သော အောင်မြင်မှုရလဒ်ကို ရရှိခဲ့ပြီး အဖွင့်ပိုင်းမျက်နှာပန်းလှခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း တာထွက်ကောင်းရုံဖြင့် ပြိုင်ပွဲ၏အဆုံးအဖြတ်ကို ရရှိနိုင်မည်မဟုတ်သလို ကျန်ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့်လည်း အားကြိုးမာန်တက် ဆက်လက်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ခဲ့ကြသည်။

ပြိုင်ပွဲဒုတိယနေ့တွင် တိုက်ယာဉ်အဖွဲ့–၂ (Crew–2) က ပစ်မှတ် ငါးခုအနက် လေးခုကိုသာ ထိမှန်ခဲ့ပြီး ကွင်းပိုပြစ်ဒဏ် နှစ်ပတ်မောင်းနှင်ခဲ့ရသည့်အတွက် စံချိန်အားဖြင့် အနည်းငယ် နောက်ကျခဲ့ရသလို ပြိုင်ပွဲဝင်နေစဉ်အတွင်း ပြိုင်ဘက်အသင်းတစ်သင်း၏ တိုက်ယာဉ်ချွတ်ယွင်းမှုဖြစ်ပေါ်ပြီး မိမိ မောင်းနှင်ရမည့် လမ်းကြောင်းပေါ်တွင် ပိတ်ဆို့ရပ်တန့်မှုဖြစ်ပေါ်ခဲ့သဖြင့် မိမိတိုက်ယာဉ်က မတော်တဆ ထိခိုက်မှုမျိုးမဖြစ်ပေါ်စေရန် ထိန်းချုပ်ရေးစင်တာရှိ ကွပ်ကဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် အချိန်မီသတိပေးရပ်တန့်ခဲ့ရသဖြင့် စံချိန်အားဖြင့် နှောင့်နှေးမှုများရှိခဲ့ပြီး ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့်သာ ပန်းဝင်ခဲ့ရခြင်းဖြစ်ပါသည်။ သို့သော်လည်း တိုက်ယာဉ်အဖွဲ့ နှစ်ဖွဲ့ ယှဉ်ပြိုင်ပြီးချိန်အထိ မြန်မာအသင်း၏ နှစ်ဖွဲ့ပေါင်းရလဒ်မှာ ကျန်ပြိုင်ပွဲဝင်အသင်းများထက် စက္ကန့်ပိုင်းအသာဖြင့်သာ ဦးဆောင်နေခဲ့ပါသည်။

တတိယနေ့ ပြိုင်ပွဲတွင်လည်း တိုက်ယာဉ်အဖွဲ့–၃ (Crew–3) အနေဖြင့် စံချိန်ကွာဟချက်ကျဉ်းမြောင်းနေမှုကို ချေဖျက်နိုင်ရန်အလို့ငှာ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ရာ ပစ်ချက်အားလုံး ထိမှန်ခဲ့ပြီး ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည်။ ပြိုင်ပွဲများအားလုံးတွင် မိမိတို့ မြန်မာ့တပ်မတော် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် ပြိုင်ပွဲဝင်စည်းကမ်းများနှင့်အညီ သန့်ရှင်းစွာယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်ကို ဒိုင်အဖွဲ့များနှင့် အခြားနိုင်ငံမှ ပြိုင်ပွဲဝင်အသင်းများအပါအဝင် ပရိသတ်များအားလုံး မြင်တွေ့ချီးမွမ်းခဲ့ကြရပါသည်။ Division – 2 ၏ ပြိုင်ပွဲဝင်အသင်းများအားလုံး ယှဉ်ပြိုင်ပြီး စုစုပေါင်း စံချိန်များအား စုပေါင်းတွက်ချက်ခဲ့ရာတွင် မြန်မာတပ်မတော်တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် အကောင်းဆုံးရလဒ်အဖြစ် Division –2 ၏ ပထမဆုကြီးကို စုစုပေါင်းပန်းဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ဖြင့် ထိုက်ထိုက်တန်တန်ရရှိခဲ့ပါသည်။

ပြိုင်ပွဲအတွင်းမြန်မာအသင်းအနေဖြင့် စုစုပေါင်း ပစ်မှတ် ၁၅ ခုအနက် ၁၄ ခု ကို ထိမှန်ခဲ့သည်ဖြစ်ရာ မိမိနိုင်ငံအသင်း၏ ပြိုင်ပွဲဝင်သမိုင်းတစ်လျှောက် ထိချက်အများဆုံး ပြိုင်ပွဲတစ်ခုဖြစ်ခဲ့သည့်အပြင် Division –2 တွင်သာမက Division –1 ၌ ယှဉ်ပြိုင်သောအခြားအသင်းများထက်လည်း ပစ်မှတ်ထိမှန်မှုပိုမိုခဲ့ပါသည်။ အခြားပြိုင်ပွဲဝင်များသည် ပြိုင်ပွဲစည်းကမ်းများကို မည်သို့ပင် လက်တစ်လုံးခြားရှောင်လွှဲယှဉ်ပြိုင်ခဲ့သည်ဖြစ်စေ မြန်မာ့တပ်မတော် ပြိုင်ပွဲဝင်အသင်းအနေဖြင့် ၂၀၂၂ ခုနှစ် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲကို နိုင်ငံတကာတပ်မတော်များ ရှေ့မှောက်တွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သန့်သန့်ရှင်းရှင်းပြိုင်ပွဲဝင်ခဲ့ပြီး ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ပါသည်။ မြန်မာ့တပ်မတော်တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲဝင်အသင်းအနေဖြင့် ယခုနှစ် Division – 2 တွင် ပထမနေရာရရှိခဲ့သောကြောင့် နှစ်စဉ်ပြိုင်ပွဲဝင်အုပ်စုခွဲဝေမှု စည်းမျဉ်းများအရ လာမည့်နှစ်တွင် Division – 1 ၌ အိမ်ရှင်ရုရှား၊ တရုတ်နှင့် ဘီလာရုစ် စသည့် ကမ္ဘာ့အကောင်းဆုံး ပြိုင်ပွဲဝင်အသင်းများနှင့် တစ်တန်းတည်း ယှဉ်ပြိုင်ရတော့မည်ဖြစ်သဖြင့် ယခုထက်ပိုမိုသာလွန်သော လေ့ကျင့်မှုများဆက်လက်ပြုလုပ်သွားရန်လည်း လိုအပ်ပါသည်။

### အောင်ပွဲအဆက်ဆက် ဆွတ်ခူးဦးမည်

လက်ရှိတွင် မြန်မာ့တပ်မတော်အနေဖြင့် International Army Games–2022 ပြိုင်ပွဲများဖြစ်သော ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Military Medical Relay Race)၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ (Sniper Frontier)၊ Emergency Area ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ (Army of Culture) များတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပါသည်။ မြန်မာ့တပ်မတော်တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲဝင်အသင်းအနေဖြင့် “လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်” ဆိုသည့်အတိုင်း တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ (Tank Biathlon) တွင် နိုင်ငံ့ဂုဏ်၊ တပ်မတော်ဂုဏ်၊ တပ်ဖွဲ့ဂုဏ်ကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုအား မျက်ဝါးထင်ထင် တွေ့မြင်ရပြီးဖြစ်ပါသည်။

နိုင်ငံတော်နှင့်တပ်မတော်ကို ကိုယ်စားပြုပြိုင်ပွဲဝင်များသည် ပွဲမဝင်ခင်ကပင် ကြိုတင်ပြင်ဆင်ကြရသည်။ တပ်မတော်သားတို့သည် ချွေးထွက်များမှ သွေးထွက်နည်းမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ကြရသည်။ ပြင်းပြင်းထန်ထန်လေ့ကျင့်ခြင်း၏အကျိုးသည် အောင်မြင်မှုကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်ခြင်းဖြစ်လာသည်။ ဇွဲ လုံ့လ ဝီရိယနှင့် ကြိုးစားမှုရှိမည်ဆိုပါက မည်သည့်အရာကိုမဆို အောင်မြင်မှုရှိမည်သာ ဖြစ်သည်။

### ထိုက်ထိုက်တန်တန် အောင်မြင်မှုဆုလဒ်ရရှိခဲ့ခြင်းကို ဂုဏ်ယူ

တပ်မတော်သားတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် ဖြည့်ဆည်းထားသူများ ဖြစ်ကြသည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာတွင် တိုက်ပွဲဝင်စိတ်ဓာတ်ကို အထူးမွေးမြူထားရသည်။ တိုက်ပွဲဝင်စိတ်ဓာတ်ဆိုသည်မှာ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိတိုက်ရဲသည့် စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကို အသက်စွန့်ပြီး မြှင့်တင်လိုသည့် စိတ်ဓာတ်၊ အချင်းချင်း ရိုင်းပင်းကူညီလိုသည့် စိတ်ဓာတ်နှင့် ရဲဘော်ရဲဘက်စိတ်တို့ဖြစ်ပါသည်။ ထိုစိတ်ဓာတ်ကြောင့်ပင် ထိုက်ထိုက်တန်တန် အောင်မြင်မှုဆုလဒ်ရရှိခဲ့ခြင်းကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ဘဏ္ဍာ မြန်မာငွေကျပ်သန်းပေါင်း ၂၅၉,၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ နစ်နာဆုံးရှုံးဖြစ်ပေါ်ခဲ့

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၇ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး လာဘ်ပေးလာဘ်ယူမှုများကိုသာမက နိုင်ငံတော်ဆုံးရှုံးနစ်နာမှုများကို အရေးယူနိုင်ရန် ၂၀၁၈ ခုနှစ်၊ ဇွန် ၂၁ ရက်တွင် စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ၌ **"မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ် တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း"**ဟု ဖြည့်စွက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကာ နစ်နာဆုံးရှုံးစေခြင်းများ ဖြစ်ပေါ်ပါက ပုဒ်မ ၃(က)(၂) ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

ပြီးခဲ့သည့်အစိုးရလက်ထက်တွင် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ကျော်ဇောသတင်းများ ရှိခဲ့သော်လည်း စိစစ်ဖော်ထုတ်အရေးယူမှု အားနည်းခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံတော်နစ်နာဆုံးရှုံးမှုဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့သည့် အမှု ၃ မှုသာရှိခဲ့ပြီး မြန်မာငွေကျပ် သန်း ၂၀ နှင့် ယူရိုငွေ ၂၅၅၉၃၀ ဒသမ ၆၉ နစ်နာဆုံးရှုံးခဲ့မှုကိုသာ ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ရယူပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ အဂတိလိုက်စားခဲ့မှုများကို တိုင်တန်းမှုများအရ စိစစ်ဖော်ထုတ်ပြီး တရားစွဲတင်ပို့ခဲ့သည့် ရာဇဝတ်ကြီးမှု ၁၈၆ မှုနှင့် ရာဇဝတ်အထွေထွေမှု ၄၅ မှုရှိသည့်အနက် ယခင်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူများ၊ လုပ်ပိုင်ခွင့်ရှိသူများသည် အဂတိလိုက်စားမှုတွင် အကျုံးဝင်သည့် အစိုးရစီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ အမိန့်ညွှန်ကြားချက်များကို မလိုက်နာခြင်း၊ မိမိကိုယ်ကျိုးစီးပွားရှာခြင်း၊ နိုင်ငံတော်၏ မြေယာပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုလုပ်ခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာနစ်နာဆုံးရှုံးစေခဲ့သည့်အမှု ၁၀၈ မှုရှိကာ နိုင်ငံတော်အနေဖြင့် မြန်မာငွေကျပ် သန်းပေါင်း၂၅၉,၆၇၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၂၆၇၄၆ တို့ကို နစ်နာ ဆုံးရှုံးခဲ့သည်။

နိုင်ငံတော်ဘဏ္ဍာ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးခြင်း၊ အများပြည်သူအကျိုးစီးပွားအတွက် ဘဏ္ဍာငွေခွဲဝေချထားရာတွင် ထိရောက်မှန်ကန်မှုမရှိခြင်း၊ သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးခြင်း၊ မြေယာများ ဖော်ထုတ်စီမံခန့်ခွဲရာတွင် ထိရောက်အကျိုးရှိစွာ အသုံးမပြုနိုင်ခြင်း၊ ပြည်သူများရသင့်သော အခြေခံအခွင့်အရေးများ နစ်နာဆုံးရှုံးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အဟန့်အတားဖြစ်စေခြင်းတို့ကြောင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အဘက်ဘက်မှ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# Asia Pacific Joint Group (AP JG) မျက်နှာစုံညီအစည်းအဝေးကျင်းပ




**နေပြည်တော် ဩဂုတ် ၂၃**

အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG)၏ မြန်မာနိုင်ငံ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group–APG) အတွင်းရေးမှူးအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် AP JG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေဦးဆောင်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် AP JG အဖွဲ့၏ Co chair ဖြစ်သူ အိန္ဒိယနိုင်ငံမှ Mr. Yogpal Singh နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က အဖွင့်အမှာစကား ပြောကြားသည်။ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက် ဆောင်ရွက်မှုများအား ဆွေးနွေးပြောကြားရာတွင် ငွေကြေးခဝါချမှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား အထောက်အထားများကို အခြေခံ၍ စနစ်တကျ ချဉ်းကပ်ဆောင်ရွက်ခြင်း၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ပါးစေရန်ဆောင်ရွက်ခြင်း၊ အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကုမ္ပဏီအဖွဲ့အစည်းများအပေါ် အပြည့်အဝ အရေးယူနိုင်သည့် ကြီးကြပ်ရေးအာဏာပိုင်အသစ်များ ပြောင်းလဲပြင်ဆင်ခန့်အပ်၍ ကြီးကြပ်သည့်လုပ်ငန်းများ စနစ်တကျ ချဉ်းကပ်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်းတို့တွင် ပြည့်စုံစွာဖော်ပြနိုင်ရေး ဆောင်ရွက်ခြင်း၊ ပစ္စည်းများစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီက မူကြမ်းရေးဆွဲခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာပေးရေးဆိုင်ရာ တိုးတက် ဆောင်ရွက်မှုများနှင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လိုက်နာမှုကို ကွင်းဆင်းစစ်ဆေးခြင်း စသည့် ကိစ္စရပ်များအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြသည်။

မြန်မာဘက်အနေဖြင့် FATF မှ အကြံပြုထားသည့် Action Plan ပါ အားနည်းချက်များကို ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်၍ ကြီးမားစွာ လိုက်နာဆောင်ရွက်မှု အဆင့်သို့ တိုးမြှင့်ပေးစေလိုကြောင်း AP JG အဖွဲ့သို့ တောင်းဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားသူ ဒေါ်ရတနာဝတ်ရည်ထွန်း (ကံကောင်းခြင်းအိမ်ငယ်လေးစာပေ)သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ညစ်ညမ်းစာများကို ထုတ်ဝေဆောင်ရွက်ခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်မှစတင်၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းစာပေအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)တွင် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မန်ကျည်းရှားပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးရာ ယခုနှစ် မိုးရာသီကာလအတွင်း ရတနာတန်းဝင် ကျွန်းပင် ၁၃၀၀ နှင့် မန်ကျည်းရှားပင် ၃၀၀ စုစုပေါင်း အပင် ၁၉၀၀ ကို စိုက်ပျိုးခဲ့ပြီးကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၀၀ တက်ရောက်စိုက်ပျိုးကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ၌ ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောခေတ်မီစံပြကျေးရွာ (SMART Village) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။**



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် ခေတ်မီစံပြကျေးရွာ (SMART Village) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသော အိမ်ခြေ ၁၂၉ အိမ်၊ အိမ်ထောင်စု ၁၂၄ စု၊ လူဦးရေ ၇၃၄ ဦးရှိ ယန်းလောကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးရွာ ၄၂ ရွာတွင် ခေတ်မီစံပြကျေးရွာများ ဆောင်ရွက်နေပါကြောင်း၊ စံပြကျေးရွာ ရွေးချယ်ရာတွင် အခြေခံမှု (၁၅) ချက်နှင့် ကိုက်ညီသော ကျေးရွာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်ကုန်ကို အခြေခံရွေးချယ်ပါကြောင်း၊ ခေတ်မီစံပြကျေးရွာ စီမံကိန်းကို နေပြည်တော်ရှိကျေးရွာ သုံးရွာတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း Cash for Work နှင့် ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေများကိုလည်း ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ မိသားစုဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံတစ်ဦးက ခေတ်မီစံပြကျေးရွာအဖြစ်ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ အပေါ်တွင်လည်းကောင်း၊ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ်တွင်လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။(**အပေါ်ယာပုံ**)

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် မြင်းမထိကျေးရွာအုပ်စု နန်းအွန်ကျေးရွာသို့ ရောက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ခြေ ၁၁၇ အိမ်၊ လူဦးရေ ၅၁၈ ဦးနှင့် ယာမြေ ၃၉၅ ဧကကို အကျိုးပြုမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၀၈ သန်းဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ခဲ့သော ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ပြီးစီးမှုနှင့် ဆိုလာပန့်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေ၊ ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့သော ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ပြီးစီးမှုနှင့် အရှည် ပေ ၉၂၀၀ ရှိ အိမ်တိုင်ရာရောက် ရေဖြန့်ဝေပေးနေမှု အခြေအနေ၊ နန်းအွန်ကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀၀ အတွက် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ Life Straw အမျိုးအစား သောက်ရေသန့်စက် နှစ်လုံး ပေးအပ်လှူဒါန်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း) ပြုစုရေးဆွဲခဲ့ပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၃**

စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာ၌ မူပိုင်ခွင့် ကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ တို့ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်များကို အကာအကွယ်ပေးရန်ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေအရ စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းအား လက်ခံဆောင်ရွက်နိုင်ရန်နှင့် စပ်လျဉ်း၍ လိုအပ်သည့် နည်းဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

စာပေနှင့် အနုပညာလက်ရာများ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေကို ရေးဆွဲအတည်ပြုပြီး စာပေနှင့် အနုပညာ မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စာပေနှင့် အနုပညာဆိုင်ရာဖန်တီးထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများကို အကာအကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံတို့က စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု၊ ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

## စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံတားခရိုင် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာတည်းမှူးချုပ် ဦးတိုးကျော်က ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး “ခေတ်မီထိရောက်သော ဘာသာပြန်ဌာနစုတစ်ခုဖြစ်စေရန်” ခေါင်းစဉ်ဖြင့် ဆရာ ဦးခင်မောင်အေး (K.M.A)၊ ဆရာ ဦးမောင်မောင်ဦး (ဟိန်းလတ်)နှင့် ဆရာဦးမောင်လှိုင် (မောင်ဆွေငယ်)တို့က ဟောပြောကြသည်။

မွန်းလွဲပိုင်းတွင် “ပြီးပြည့်စုံသော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း” ခေါင်းစဉ်ဖြင့် ဆရာဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ဆရာဦးကြည်ဝင်း(လောကအမွန်)နှင့် ဆရာ ဒေါက်တာသိန်းလွင် (မြန်စာမြေသိန်းလွင်) တို့က ဆက်လက် ဟောပြောကြသည်။

ယနေ့ကျင်းပသည့် စာပေဟောပြောပွဲသည် ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသည့် ဆောင်ပုဒ်ဖြင့် စတင်တည်ထောင်ခဲ့သည့် စာပေဗိမာန်၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်**
**(ပြန်/ဆက်)**



## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ **မိုး/ဇလ**

# တလေထဲ၊ တသံထဲ

**ကိုရေချမ်း**

မည်သည့်ပြဿနာမဆို ရှုထောင့်ပေါင်းစုံကနေ သုံးသပ်အဖြေရှာရစမြဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေကို သုံးသပ်ရာမှာလည်း ရှုထောင့်ပေါင်းစုံက ရရှိတဲ့အချက်အလက်တွေကို အခြေခံပြီး မှန်မှန်ကန်ကန် သုံးသပ်သင့်ပါတယ်။ ပကတိမြေပြင်အခြေအနေကို ကိုယ်တိုင်မလေ့လာဘဲ တခြားကရလာတဲ့ အထောက်အထားတွေနဲ့ သုံးသပ်မယ်ဆိုရင် ကောင်းမွန်တဲ့ရလဒ်အဖြေထွက်မှာ မဟုတ်ပါဘူး။ အပြုသဘောဆောင်တဲ့ အဖြေမထွက်ဘဲ ဆန့်ကျင်ဘက်ရလဒ်တွေသာ ပေါ်ထွက်နေမှာ ဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးအဖြေရှာရာမှာ နောက်ကွယ်က အရိပ်မည်းကြီးရှိနေသရွေ့ ရုပ်သေးကြိုးဆွဲအဖြစ်သာ ရှိနေမှာဖြစ်ပါတယ်။ အမှန်တရားကို အနှောင်အဖွဲ့မကင်းဘဲ ရှာနေရင်တော့ အဖြေမရဘဲ အချိန်ကုန်နေမှာ ဖြစ်ပါတယ်။

**❑ တွေ့ဆုံဆွေးနွေးမှုကို လေ့လာကြည့်ရင် ကုလအထူးကိုယ်စားလှယ်ဟာ အဖွင့်မှာ သံတမန်ပီသစွာနဲ့ စကားလှလှတွေပြောခဲ့ပေမယ့် နောက်ပိုင်းမှာ အမှားကိုအမှန်၊ အမှန်ကို အမှားလုပ်ထားတဲ့ စွပ်စွဲမှုတွေနဲ့ ရှေးနည်းကားလို ဖြစ်ချင်တဲ့အချက်တွေကိုသာ တောင်းဆိုတာကို တွေ့ရပါတယ်။ ဆွေးနွေးစဉ်က မြန်မာနဲ့ ကုလသမဂ္ဂတို့အကြား ရေရှည် လက်တွဲဆောင်ရွက်နိုင်ဖို့အတွက် သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တွေ့ဆုံမှုအပြီးမှာတော့ အထူးကိုယ်စားလှယ်ရဲ့ သတင်းထုတ်ပြန်ချက်ဟာ ပြည်ပနဲ့ ပြည်တွင်းမှာရှိတဲ့ တရားမဝင်နဲ့ အကြမ်းဖက်အဖွဲ့တွေက ပေးပို့တဲ့ သတင်းမှားတွေကို အခြေခံထားတာ တွေ့ရပါတယ်။ ကုလသမဂ္ဂအနေနဲ့ အများပြည်သူကို သတင်းထုတ်ပြန်ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ တုံ့ပြန်ပြောကြားချက်တွေကို မျှတစွာထည့်သွင်းဖော်ပြဖို့ ကျင့်ဝတ်အရ လိုအပ်သော်လည်း အထူးကိုယ်စားလှယ်ရဲ့ ဩဂုတ်လ ၁၇ ရက်နေ့ သတင်းထုတ်ပြန်ချက်ဟာ ကျင့်ဝတ်ကို လိုက်နာခြင်းမရှိဘဲ ဘက်လိုက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်**

### တွေ့ဆုံဆွေးနွေး

ဩဂုတ်လ ၁၇ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ နိုလင်းဟေဇာကို လက်ခံတွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂတို့အကြား ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အခြေအနေတွေနဲ့ ပတ်သက်လို့ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်တဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းမြောက်မိပါတယ်။ ဒါပေမယ့် တစ်ဖက်က အကြမ်းဖက်အဖွဲ့နဲ့ အပေါင်းပါတွေက မကျေမနပ်ဖြစ်နေကြတာကိုလည်း တွေ့ခဲ့ရပါတယ်။

ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာတွေကို အပြည့်အစုံမသိခင်က အခုလို အချိန်အခါမှာ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကြား ယုံကြည်မှုတွေ တည်ဆောက်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်တော့မယ်လို့ အကောင်းဘက်က တွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါမှာ မစ္စ နိုလင်းဟေဇာဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အပြုသဘောမဆောင်တဲ့ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ မစ္စ နိုလင်းဟေဇာရဲ့ တစ်ဖက်သတ်ထုတ်ပြန်ချက်ဟာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပြည်သူလူထုက အထင်အမြင် လွဲမှားစရာတွေ ဖြစ်လာတဲ့အတွက် တွေ့ဆုံစဉ်က ဆွေးနွေးမှုအပြည့်အစုံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြန်လည်ထုတ်ပြန်ပေးလိုက်တဲ့အခါ အခြေအနေမှန်ကို အထင်အရှား သိလိုက်ရပါတယ်။

### ကျင့်ဝတ်မလိုက်နာ

တွေ့ဆုံဆွေးနွေးမှုကို လေ့လာကြည့်ရင် ကုလအထူးကိုယ်စားလှယ်ဟာ အဖွင့်မှာ သံတမန်ပီသစွာနဲ့ စကားလှလှတွေပြောခဲ့ပေမယ့် နောက်ပိုင်းမှာ အမှားကိုအမှန်၊ အမှန်ကို အမှားလုပ်ထားတဲ့ စွပ်စွဲမှုတွေနဲ့ ရှေးနည်းကားလိုဖြစ်ချင်တဲ့အချက်တွေကိုသာ တောင်းဆိုတာကို တွေ့ရပါတယ်။ ဆွေးနွေးစဉ်က မြန်မာနဲ့ ကုလသမဂ္ဂတို့အကြား ရေရှည် လက်တွဲဆောင်ရွက်နိုင်ဖို့အတွက် သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တွေ့ဆုံမှု အပြီးမှာတော့ အထူးကိုယ်စားလှယ်ရဲ့ သတင်းထုတ်ပြန်ချက်ဟာ ပြည်ပနဲ့ ပြည်တွင်းမှာရှိတဲ့ တရားမဝင်နဲ့ အကြမ်းဖက်အဖွဲ့တွေက ပေးပို့တဲ့ သတင်းမှားတွေကို အခြေခံထားတာ တွေ့ရပါတယ်။ ကုလသမဂ္ဂအနေနဲ့ အများပြည်သူကို သတင်းထုတ်ပြန်ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ တုံ့ပြန်ပြောကြားချက်တွေ ကို မျှတစွာထည့်သွင်းဖော်ပြဖို့ ကျင့်ဝတ်အရ လိုအပ်သော်လည်း အထူးကိုယ်စားလှယ်ရဲ့ ဩဂုတ်လ ၁၇ ရက်နေ့ သတင်းထုတ်ပြန်ချက်ဟာ ကျင့်ဝတ်ကို လိုက်နာခြင်းမရှိဘဲ ဘက်လိုက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။

ကုလသမဂ္ဂအနေနဲ့ ပြဿနာဖြေရှင်းရေးကို ပူးပေါင်းဆောင်ရွက်လိုတယ်လို့ဆိုပေမယ့် မြန်မာနိုင်ငံဘက်က ရှင်းပြခဲ့တဲ့ဖြစ်စဉ်အမှန် အချက်အလက် အထောက်အထားတွေကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ မှန်ကန်မှုမရှိတဲ့ တစ်ဖက်သတ်ပြောကြားချက်တွေကို အသုံးပြုထားလို့ နှစ်ဦးနှစ်ဖက် အပြုသဘော ပူးပေါင်းဆောင်ရွက်လိုမှုတွေအတွက် အနှောင့်အယှက်၊ အဟန့်အတားတွေ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပြီး အစစအရာရာမှာ ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေး၊ လူသားချင်း စာနာထောက်ထားရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ အများပြည်သူ လိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေပါတယ်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

နိုင်ငံတကာဆက်ဆံရေးမှာ လွတ်လပ်ပြီး တက်ကြွတဲ့ ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်ကို လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ နိုင်ငံတစ်နိုင်ငံ ပိုင်နက်နယ်မြေ တည်တံ့ရေးနဲ့ အချုပ်အခြာအာဏာကို အခြားနိုင်ငံက လေးစားလိုက်နာရေးအချက်တွေကို အလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံ"မူ"ကို လေးစားလိုက်နာကာ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်ကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး ကုလအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံက ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံခြားရေးမူဝါဒကို အသိအမှတ်ပြု လက်ခံထားပြီး နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ခြင်း မလုပ်ဘူးလို့ ပြောဆိုနေသော်လည်း မြန်မာနိုင်ငံက ဥပဒေနဲ့အညီ ဆောင်ရွက်နေမှုတွေကို အသိအမှတ်မပြုတာကတော့ အံ့အားသင့်စရာဖြစ်ပါတယ်။ ကုလသမဂ္ဂဟာပြဋ္ဌာန်းထားတဲ့ ပဋိညာဉ်တွေနဲ့အညီဆောင်ရွက်နေတယ်လို့ဆိုပေမယ့်လည်း လက်တွေ့မှာ ကွဲလွဲနေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်နေတဲ့ ပကတိမြေပြင် အချက်အလက်တွေကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း မရှိဘဲ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေက ပေးပို့တင်ပြထားတဲ့ သတင်းအမှားတွေကို လက်ခံအသုံးပြုပြီး တည်ဆဲအစိုးရအပေါ် တစ်ဖက်သတ်စွပ်စွဲ ပြောဆိုမှုတွေဟာ စိတ်ပျက်စရာ ဖြစ်ပါတယ်။

### ရှင်းရှင်းလင်းလင်းသိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်တဲ့ အရွေ့တစ်ခုကို ရရှိရန်အတွက် သဘောထား မှန်မှန်ကန်ကန်ထားပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သော်လည်း အထူးကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိဖြစ်ပေါ်တိုးတက်မှုတွေနဲ့ အမှန်တရားတွေကို မျက်ကွယ်ပြုပြီး နိုင်ငံတကာ အသိုက်အဝန်းနဲ့ ပြည်သူတွေ အထင်အမြင်လွဲမှားအောင် တစ်ဖက်သတ် သတင်းထုတ်ပြန်မှုကို ပြုလုပ်ခဲ့ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံခေါင်းဆောင်နဲ့ တွေ့ဆုံစဉ်က ဆွေးနွေးချက်အပြည့်အစုံကို ထုတ်ပြန်လိုက်တဲ့အခါ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို ပြည်သူများ သိခွင့်ရခဲ့ကြပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေဟာ ဘယ်သူတွေ လုပ်တာလဲဆိုတဲ့ သက်သေအထောက်အထားတွေနဲ့ သိအောင်ပြတဲ့အခါမှာ မသိနိုင်၊ မမြင်နိုင် ဖြစ်နေရတာဟာ နောက်ခံအကြောင်းတရားတွေ ဖုံးလွှမ်းနေလို့ဖြစ်ပါတယ်။ "သူတော်အချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက်တွေ့" သလို နောက်ကလူတွေ ညီလို့ "ဤ"ကို "ကွဲ" ဖတ်နေတဲ့ သဘောဖြစ်နေပါတယ်။ နိုင်ငံနဲ့ ပြည်သူအတွက် ဘယ်လိုပင် ကောင်းအောင်လုပ်တယ်ဆိုဆို၊ ဘယ်လိုတွေ ခရီးဆက်နေတယ်ပြောပြော၊ ဘယ်သူတွေ အကြမ်းဖက်နေပါတယ် ပြပြ၊ ဖြစ်ချင်နေတာနဲ့၊ လိုချင်နေတာက တစ်ခုတည်းကိုသာ ဇောင်းပေးပြောဆိုနေတာတွေကို စေ့ငုကြည့်လိုက်တဲ့အခါမှာ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မပြောင်းလဲတဲ့ သဘောတရားတွေကို ထင်ထင်ရှားရှား သိရှိခဲ့ရပါတယ်။

### အမှန်တရားထင်ရှား

မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ တစ်ဖက်သတ် ဖိနှိပ်စွပ်စွဲ ပုတ်ခတ်ပြစ်တင်နေကျဖြစ်လို့ နိုင်ငံတကာက မည်သည့်အဖွဲ့အစည်းနဲ့ တွေ့သည်ဖြစ်စေ ထူးမခြားနား ရလဒ်အဖြေသာ ထွက်ရှိမှာကို သိရှိပြီးသားဖြစ်ပါတယ်။ မည်မျှပင် အမှန်တရားကို ထုတ်ဖော်ပြောကြားသော်လည်း နောက်ဆုံးမှာ ၎င်းတို့ရဲ့ မူလရည်ရွယ်ချက် လမ်းရိုးကြီးအတိုင်း ဖောက်နေတာကိုတော့ မပြောဘဲလည်း သိနေကြမှာ ဖြစ်ပါတယ်။ အခု အထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ တွေ့ဆုံစဉ်မှာတော့ အဟုတ်ကြီးလို့ထင်ရပေမယ့်။ တွေ့ပြီးတဲ့ နောက်ကွယ်မှာတော့ ဆရာကြီးတွေအကြိုက်၊ အပေါင်းပါတွေစရိုက်၊ အကြမ်းဖက်သမားတွေနဲ့ သံပြိုင်ဟစ်ကြွေးတဲ့ သကြ်န်သံချပ်လို စည်းဝါးကိုက်ညီလှပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို တွေ့ဆုံဖြစ်လိုက်တာကတော့ မြန်မာခေါင်းဆောင်ရဲ့ သဘောထားအမှန်နဲ့ မြန်မာနိုင်ငံမှာ ပကတိဖြစ်နေတဲ့ အရှိတရားတွေကို မျက်ဝါးထင်ထင် သိရှိလိုက်ရပါတယ်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံဆွေးနွေးစဉ်က ပြောခဲ့တဲ့စကားတွေနဲ့ တွေ့ဆုံပြီးနောက် ထုတ်ပြန်လိုက်တဲ့စကားတွေကို သုံးသပ်ကြည့်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပကတိဖြစ်စဉ်

*စာမျက်နှာ ၁၁ သို့*

**"ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံက ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံခြားရေးမူဝါဒကို အသိအမှတ်ပြု လက်ခံထားပြီး နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ခြင်း မလုပ်ဘူးလို့ ပြောဆိုနေသော်လည်း မြန်မာနိုင်ငံက ဥပဒေနဲ့အညီ ဆောင်ရွက်နေမှုတွေကို အသိအမှတ်မပြုတာကတော့ အံ့အားသင့်စရာဖြစ်ပါတယ်။ ကုလသမဂ္ဂဟာ ပြဋ္ဌာန်းထားတဲ့ ပဋိညာဉ်တွေနဲ့အညီ ဆောင်ရွက်နေတယ်လို့ဆိုပေမယ့်လည်း လက်တွေ့မှာ ကွဲလွဲနေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်နေတဲ့ ပကတိမြေပြင် အချက်အလက်တွေကို လက်တွေ့ကွင်းဆင်းလေ့လာခြင်းမရှိဘဲ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေက ပေးပို့တင်ပြထားတဲ့ သတင်းအမှားတွေကို လက်ခံအသုံးပြုပြီး တည်ဆဲအစိုးရအပေါ် တစ်ဖက်သတ်စွပ်စွဲ ပြောဆိုမှုတွေဟာ စိတ်ပျက်စရာ ဖြစ်ပါတယ်"**

# မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကြိုတင်တိုကင်စနစ်ဖြင့် ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

**ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ဘဏ်ဖွင့်ရက်များအတိုင်း ပင်စင်လစာများ နေ့စဉ်ထုတ်ပေးလျက်ရှိရာ ပင်စင်လစာထုတ်ယူသူများ သောရက်များ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေရေး၊ လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးတို့အတွက် ကြိုတင်တိုကင်စနစ်ဖြင့် ပင်စင်လစာထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (တာမွေဘဏ်ခွဲ) မှ သိရသည်။**

တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မိုးနှင်းနွယ်က "ဒီနှစ်ဇူလိုင်လကနေစပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေ ပင်စင်လစာလာထုတ်တဲ့အခါမှာ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေဖို့ နောက်လအတွက် ပင်စင်ထုတ်မယ့် နေ့ရက်နဲ့ အချိန်ကို တိုကင်ကြိုတင်ထုတ်ပေးလိုက်ပါတယ်။ အဓိကက နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တန်းစီစရာမလိုဘဲ သက်သောင့်သက်သာနဲ့ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပေးတာပါ။ ဒီလမှာဆိုရင် ပြီးခဲ့တဲ့လကတည်းက ကြိုတင်တိုကင်တွေ ထုတ်ပေးထားတဲ့အတွက် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေအနေနဲ့ ပင်စင်လစာထုတ်ယူတဲ့အခါမှာ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်တဲ့အပြင် အရင်လို လူစုလူဝေးဖြစ်ပေါ်တာလည်း မရှိတော့ပါဘူး။

"ဒီတာမွေဘဏ်ခွဲမှာ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတစ်သောင်းရှစ်ထောင်ခန့်ကို ဘဏ်ဖွင့်ရက်တွေမှာ နေ့စဉ်ပင်စင်လစာတွေ ထုတ်ပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအများစုကတော့ လတစ်လအတွက် ပင်စင်လစာ စတင်ထုတ်ပေးတဲ့ရက် ပထမနေ့နဲ့ ဒုတိယနေ့တွေမှာ လာရောက်ထုတ်ယူမှုများပြီး အဲဒီနေ့တွေဆို နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ဦးရေ ၁၅၀၀ နဲ့ ၁၆၀၀ ကြားလောက်ကို ပျမ်းမျှပုံမှန်ရှိပါတယ်"ဟု ပြောပြသည်။

အချို့သော သွားရေးလာရေး အဆင်မပြေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ကျန်းမာရေးမကောင်းမွန်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အနေဖြင့် ၎င်းတို့၏ လစဉ်ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ခွဲ (တာမွေဘဏ်ခွဲ) အပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း၊ အဆိုပါကိုယ်စားလှယ်ဖြင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်လစာ လာရောက်ထုတ်ယူသည့်ပုံစံတွင် သက်ဆိုင်ရာပြန်တမ်းဝင် အရာရှိတစ်ဦး(သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး၏ ထောက်ခံချက်ပါရှိရမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူသည့် ပင်စင်လစာများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဘဏ်ခွဲတာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူရန် အဆင်မပြေမှုရှိပါကလည်း အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးလျက်ရှိသလို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ သဘောဆန္ဒအရ အွန်လိုင်းမှတစ်ဆင့် ATM၊ MMM၊ Citizen Pay စသည်တို့ဖြင့်လည်း နီးစပ်ရာနေရာများတွင် ပင်စင်လစာများကို လွယ်ကူချောမွေ့စွာ ထုတ်ယူနိုင်ကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အနေဖြင့် ၎င်းတို့၏ ငွေစုဘဏ်စာရင်းနှင့် Current Account စာရင်းများမှလည်း ၎င်းတို့အဆင်ပြေသည့်အချိန် ပင်စင်လစာများ အလွယ်တကူ ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**





# လယ်ဝေးမြို့နယ် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး တစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရေး စံပြကွက်ဧက ၁၀၀ စိုက်ပျိုးပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့ ခရမ်းကိုင်းကျေးရွာအနီးရှိ တစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရေး စံပြကွက် ဧက ၁၀၀ တွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် လယ်ဝေးမြို့နယ်အတွင်း မိုးစပါးမျိုးကွဲအလိုက် စိုက်ပျိုးပြီးစီးမှုနှင့် ရေရရှိမှုနည်းလမ်းအလိုက် စိုက်ပျိုးပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စပါးသီးနှံကို မိုးနှင့် နွေရာသီတို့တွင် စိုက်ပျိုးနိုင်သကဲ့သို့ ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများရှိကြောင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်ကန်များမှလည်း ရေများ ပေးဝေလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီ နယ်မြေတွင် ဦးစားပေး ဆောင်ရွက်နေသည့် Green City ၊ Clean City၊ Smart Cityအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရေး စံပြကွက် ဧက ၁၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု နယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဆည်ကန် စုစုပေါင်း ၁၃ ခုမှ မိုး၊ ဆောင်းနှင့် နွေရာသီအလိုက် သီးနှံစိုက်ဧရိယာ စုစုပေါင်း ဧက ၁၉၀၀၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးစပါးစိုက် ဧရိယာ ၆၀၀၀၀ ကျော်နှင့် နွေစပါး ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ မိုးစပါးစိုက်ဧက ၅၅၇၃၀၊ ၈၉ ဒသမ ၆၇ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*❍ ကျောဖုံးမှ*

ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး -ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဩဂုတ် ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

အမှန်တရားတွေကို မျက်ကွယ်ပြုပြီး ၎င်းတို့ရည်ရွယ်ချက်၊ ၎င်းတို့အလိုကျ သဘောဆန္ဒများကို ရှေ့စကား နောက်စကားမညီ ပြောကြားထားတာကို တွေ့လိုက်ရပါတယ်။ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံခေါင်းဆောင်ရဲ့ သဘောထားပြောကြားချက်တွေဟာ ကုလအထူးကိုယ်စားလှယ်ရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေကို ထိထိရောက်ရောက် ချေပနိုင်ခဲ့လို့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကိုယ်စား လွန်စွာအားရ ကျေနပ်မိပါတယ်။ အပေါ်ယံရွှေမှုန်ကြဲထားတဲ့ ရွှံ့ရုပ်မှန်းသိပါလျက်နဲ့ ရွှံ့ရုပ်ကို ပစ်လိုက်ရင် အပေါ်က ရွှေမှုန်တွေကို နှမြောနေတာနဲ့ တန်ဖိုးမရှိတဲ့ ရွှံ့ရုပ်ကို အကြောင်းပြုပြီး အမြဲတမ်း အလုပ်ရှုပ်နေသူတွေဖြစ်ပါတယ်။

### အကြမ်းဖက်မှုကို ဘယ်နိုင်ငံမှ လက်မခံ

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံအစိုးရမဆို နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥပဒေနဲ့အညီ တိတိကျကျ ပြတ်ပြတ်သားသား ဆောင်ရွက်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက အမေရိကန်၊ ဂျပန်နိုင်ငံတွေမှာ ဖြစ်ခဲ့တဲ့ အကြမ်းဖက်သမားလက်ချက်ကြောင့် သေဆုံးခဲ့ရတဲ့ အမှုတွေနဲ့ပတ်သက်လို့ အကြမ်းဖက်သမားကို ဥပဒေနဲ့အညီ ထိရောက်စွာ အရေးမယူဘဲ လူသားချင်းညှာတာထောက်ထားမှုအနေနဲ့ သက်ညှာခွင့်ပြုပေးရန် တောင်းဆိုခဲ့ဖူးပါသလားလို့ မေးခွန်းထုတ်မယ်ဆိုရင် ပွဲသိမ်းသွားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတာကို သိသိကြီးနဲ့ မျက်ကွယ်ပြုထားမယ်ဆိုရင် နိုင်ငံကို ပျက်စီးအောင် ဖျက်ဆီးနေကြတဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့နှိပ်စက်သတ်ဖြတ်နေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို အထူးကိုယ်စားလှယ်ကြီးက လေးစားထောက်ခံနေပါတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ပကတိဖြစ်ရပ်မှန်တွေကို အထောက်အထားတွေနဲ့ ဘယ်လိုပင်ရှင်းပြသော်လည်း မသိချင်ယောင်ဆောင်၊ လက်မခံတာကတော့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း အပေါင်းအဖော်တွေ ဖြစ်နေလို့တူပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို ပျက်စီးအောင် ဝိုင်းဝန်းဖိအားပေးနေကြတဲ့ ကြီးကြီးငယ်ငယ်တွေရဲ့ ဖြစ်နေကြတာတွေဟာ "ငါနဲ့မတူရင်၊ ငါ့ရန်သူပဲ" ဆိုတဲ့ အစွန်းရောက်၊ ဗိုလ်ကျ နိုင်ငံရေးသဘောတရားအတိုင်း "တလေထဲ တသံထဲ"အားလုံး ဖြစ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၄၉၅ | ၂၄၇၀ | ၂၅၆၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၂၈၈၅ |
| 95 Ron | ၂၅၂၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၇၅ | ၂၅၅၅ | ၂၆၅၀ | ၂၆၆၅ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၂၅ | ၂၉၄၅ |
| HSD (500 ppm) | ၃၀၀၀ | ၃၀၄၅ | ၃၀၄၀ | ၃၀၀၅ | ၃၀၄၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၃၀ | ၃၁၄၅ | ၃၁၄၀ | ၃၀၃၅ | ၃၀၄၅ | ၃၀၈၀ | ၃၀၈၀ | ၃၀၈၅ | ၃၃၀၀ | ၃၃၄၅ |
| HSD (50 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၈၅ | ၃၁၂၅ | ၃၁၄၅ | ၃၁၄၀ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၀ | ၃၃၈၀ |
| HSD (10 ppm) | ၃၀၈၀ | ၃၁၂၅ | ၃၁၂၅ | ၃၀၈၅ | ၃၁၂၅ | ၃၁၄၅ | ၃၁၄၀ | ၃၁၁၀ | ၃၂၂၅ | ၃၂၂၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၀ | ၃၁၆၀ | ၃၁၆၅ | ၃၃၈၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၉ | ၂၄၀၉ |
| 95 Ron | ၂၄၀၉ | ၂၄၉၁ |
| HSD (500 ppm) | ၂၈၇၄ | ၂၉၆၁ |
| HSD (50 ppm) | ၂၉၄၉ | ၃၀၃၈ |
| HSD (10 ppm) | ၂၉၄၉ | ၃၀၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဥပဒေရေးရာဝန်ကြီးဌာနက Myanmar Laws (2019) စာအုပ်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဘာသာပြန်ဆို၍ နှစ်အလိုက် Myanmar Laws စာအုပ်များ ထုတ်ဝေလျက်ခဲ့ပြီး ယခုအခါ Myanmar Laws (2019) စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

Myanmar Laws (2019) စာအုပ်သည် ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်းဘာသာပြန်ဆို၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုထားသော ဥပဒေပေါင်း ၄၀ ပါဝင်သည်။

အဆိုပါ Myanmar Laws(2019) စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်များ စာအုပ်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို စုစည်း၍ နှစ်အလိုက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များစာအုပ်ကို ထုတ်ဝေခဲ့ရာ ယခုအခါ ၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များ စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

"၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်များ" စာအုပ်သည် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် နည်းဥပဒေ ရှစ်ခု၊ လုပ်ထုံးလုပ်နည်း ခြောက်ခုနှင့် အမိန့်ပေါင်း ၁၈၉ ခု ပါဝင်သည်။

အဆိုပါ "၂၀၂၁ ခုနှစ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များ" စာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဥပဒေစာအုပ်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုစုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များ ထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၁ ခုနှစ် ဥပဒေများ စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဥပဒေများစာအုပ်သည် ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သောဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း ၆၃ ခု ပါဝင်သည်။

အဆိုပါ ၂၀၂၁ ခုနှစ် ဥပဒေများစာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် လိုအပ်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင်ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ဘရာဇီးကွင်းလယ်ကစားသမား ကက်စမဲရိုးကို မန်ယူကစားသမားအဖြစ် မိတ်ဆက်ခဲ့သည်။

ထို့အပြင် မန်ယူအသင်းသည် ယခုပွဲစဉ်တွင် ပြီးခဲ့သည့် နှစ်ပွဲကထက် မတူညီသည့် ကစားဟန်နှင့် ခံစစ်၊ ကွင်းလယ်၊ တိုက်စစ် အကောင်းဆုံး ချိတ်ဆက်ကစားနိုင်မှုကို ပြသနိုင်ခဲ့သည်။ မန်ယူအသင်းသည် လီဗာပူးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်ရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု လေးကြိမ်တွင် သွင်းဂိုးနှစ်ဂိုး ရရှိခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းက မန်ယူအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၁၇ ကြိမ်ရရှိခဲ့ပြီး ဂိုးပါက်တည့်မတ်မှု ငါးကြိမ်တွင် သွင်းဂိုးတစ်ဂိုး ရရှိခဲ့သည်။

ပွဲချိန် ၅၃ မိနစ်တွင် အနိုင်ရရှိသေချာစေမည့် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည့် ရက်ဖို့ဒ်သည် မန်ယူအသင်းအတွက် ၉၉၇ မိနစ်ကြာ ဂိုးပေါက်ပျောက်မှုကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ဆန်ချိုက သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဆာလာက သွင်းယူပေးခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃) ကစားပြီးချိန်တွင် အမှတ်ပေးဇယားကို အာဆင်နယ်အသင်းက ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်ထားကာ မန်ယူအသင်းက ရမှတ်သုံးမှတ်ဖြင့် အဆင့် ၁၄ တွင် ရပ်တည်နိုင်ခဲ့ပြီး လီဗာပူးက ရမှတ်နှစ်မှတ်ဖြင့် အဆင့် ၁၆ တွင် ရပ်တည်နေသည်။

**အောင်ဇော်**

# သီရိလင်္ကာတက္ကသိုလ်များ စက်တင်ဘာလတွင် ဖွင့်လှစ်မည်




သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် ကိုလံဘိုတက္ကသိုလ် မုခ်ဦးဆိုင်းဘုတ်ကို တွေ့ရစဉ်။

**ကိုလံဘို ဩဂုတ် ၂၃**

သီရိလင်္ကာတက္ကသိုလ် ခွင့်ပြုချက်ကော်မရှင် (ယူဂျီစီ)က နိုင်ငံတွင်းရှိ တက္ကသိုလ်များအားလုံးကို စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်က ကြေညာခဲ့သည်။

ယူဂျီစီ အရာရှိများနှင့် တက္ကသိုလ်များ၏ဒုတိယအဓိပတိများ ဩဂုတ်၂၂ ရက်က ပြုလုပ်သည့် အစည်းအဝေးအတွင်း အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ယူဂျီစီ ဥက္ကဋ္ဌ ဆမ်ပ့်ါသ်အမရာတွန်ဂါက ပြောသည်။ အမရာတွန်ဂါက တက္ကသိုလ်များကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ပိတ်ခဲ့ရပြီး သင်တန်းများကို အွန်လိုင်းဖြင့် သင်ကြားခဲ့ရကြောင်း ပြောကြားသည်။

ယခု အချိန်သည် လူကိုယ်တိုင် သင်ခန်းစာများကို စတင်ရတော့မည်အချိန် ဖြစ်ကြောင်းနှင့် နောက်ထပ် သင်ရိုးသစ်ဆိုင်ရာ လှုပ်ရှားမှုများကို စတင်ရတော့မည့် အချိန်ဖြစ်ကြောင်း အမရာတွန်ဂါက ပြောသည်။ သင်တန်းမတက်ရောက်နိုင်သည့် ကျောင်းသားများသည် အွန်လိုင်းမှဆက်လက်သင်ယူနိုင်ကြောင်း အမရာတွန်ဂါက ပြောသည်။ **ဆင်ဟွာ**

# အာကာသထဲသို့ ဂြိုဟ်တုသစ်တစ်စင်း တရုတ်နိုင်ငံ အောင်မြင်စွာ လွှတ်တင်

**ပေကျင်း ဩဂုတ် ၂၃**

တရုတ်နိုင်ငံသည် ဩဂုတ် ၂၃ ရက်တွင် နိုင်ငံအနောက်တောင်ပိုင်း စီချွမ်းပြည်နယ် စီချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်တုသစ်တစ်စင်းကို အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

တရုတ်သိပ္ပံ အကယ်ဒမီမှ တီထွင်လိုက်သည့် Chuangxin-16 ဂြိုဟ်တုကို ပေကျင်းစံတော်ချိန် နံနက် ၁၀ နာရီ ၃၆ မိနစ်တွင် Kuaizhou-1A သယ်ဆောင်ရေး ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းထဲသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကို သိပ္ပံနည်းကျစမ်းသပ်မှုများနှင့် နည်းပညာအသစ်များကို အတည်ပြုခြင်းအတွက် အဓိကအားဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် သယ်ဆောင်ရေးဒုံးပျံ Kuaizhou-1A များ၏ (၁၆) ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



Chuangxin-16 ဂြိုဟ်တုကို သယ်ဆောင်ရေးဒုံးပျံ Kuaizhou-1A ဖြင့် လွှတ်တင်မှုကို တွေ့ရစဉ်။

# မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်း၌ စားနပ်ရိက္ခာရှားပါးမှု လူပေါင်း ကိုးသိန်းထက်မနည်း ရင်ဆိုင်ရဖွယ်ရှိ

**မပူတို ဩဂုတ် ၂၃**

မိုဇမ်ဘစ်နိုင်ငံ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကာဘိုဒယ်ဂါတိုတွင် စားနပ်ရိက္ခာရှားပါးမှုကို လူပေါင်း ၉၀၀၀၀၀ ထက်မနည်း ရင်ဆိုင်ကြုံတွေ့ရတော့မည် ဖြစ်ကြောင်း မိုဇမ်ဘစ်စားနပ်ရိက္ခာဖူလုံရေး အာဏာပိုင်များက ဩဂုတ် ၂၂ ရက်က သတိပေးပြောကြားလိုက်သည်။

နိုင်ငံမြို့တော် မပူတို၌ ပြုလုပ်သော (၁၁) ကြိမ်မြောက် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး နည်းပညာဆိုင်ရာ အတွင်းရေးမှူးရုံး၏ အကြံပေးကောင်စီ အစည်းအဝေးတွင် အမှုဆောင် အတွင်းရေးမှူး လီယိုနာမွန်ဒလိန်းက ၎င်း၏အဖွဲ့သည် အခြေအနေကို သတိထားစောင့်ကြည့်လျက် ရှိကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။

ကာဘိုဒယ်ဂါတိုတွင် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများက ဒေသခံပြည်သူများအား ၎င်းတို့၏ လယ်ယာများကို စွန့်လွှတ်မှု ဖြစ်စေခဲ့သည်။ ထို့အပြင် မိုးမမှန်ခြင်းနှင့် တခြားသော အကြောင်းအရာ ကိစ္စရပ်များက အစားအစာပြတ်လပ်မှုကို ဖြစ်စေကြောင်း အရာရှိ တစ်ဦးက ပြောသည်။

နိုင်ငံဒေသ အတော်များများတွင်ဖြစ်ပွားသော ဖြစ်စဉ်များကလည်း လာမည့်ရက်များအတွင်း ရှိရင်းစွဲအခြေအနေကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။

**ဆင်ဟွာ**



မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်းတွင် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဖြန့်ဝေပေးသော စားနပ်ရိက္ခာများကို ရရှိရန် တန်းစီစောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

# အာဖဂန်နိုင်ငံ ဘာဒက်ခ်ရှန်းပြည်နယ်၌ ယာဉ်မတော်တဆမှုကြောင့် ရှစ်ဦးသေဆုံး

**ဖာဇာဘတ် ဩဂုတ် ၂၃**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ခ်ရှန်းပြည်နယ်၌ ဩဂုတ် ၂၃ ရက်က ယာဉ်မတော်တဆမှုကြောင့် ခရီးသွားပြည်သူ ရှစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ယာဉ်ထိန်းရဲအရာရှိ အက်ဒူလ်မာတင်က ပြောသည်။

ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဘာဒက်ခ်ရှန်းပြည်နယ် ရာဝမ်ခရိုင်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခြင်းဖြစ်ပြီး အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး အပါအဝင် ခရီးသွားပြည်သူ ရှစ်ဦးသေဆုံးခဲ့ကာ အခြား နှစ်ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း မာတင်က ဆင်ဟွာသို့ ပြောသည်။

အဆိုပါ ယာဉ်ထိန်းရဲအရာရှိ၏ ပြောကြားချက်အရ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရခြင်းသည် ယာဉ်မောင်းသူ မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဩဂုတ် ၂၂ ရက် နှောင်းပိုင်းက နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင်လည်း အလားတူ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မာမွတ်ရာရာဆိုလီက ပြောသည်။

**ဆင်ဟွာ**

# ကနေဒါနိုင်ငံ၏ လူဦးရေသည် ၂၀၆၈ ခုနှစ်တွင် ၇၄ သန်းအထိ ရောက်ရှိနိုင်

**အော့တဝါ ဩဂုတ် ၂၃**

ကနေဒါနိုင်ငံ၏ လူဦးရေသည် ၂၀၆၈ ခုနှစ်တွင် နှစ်ဆနီးပါးဖြစ်သည့် ၇၄ သန်းအထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ကနေဒါစာရင်းအင်းအဖွဲ့၏ ဩဂုတ် ၂၂ ရက် ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏ လူဦးရေသည် ၃၈ ဒသမ ၂ သန်းရှိရာမှ ၂၀၄၃ ခုနှစ်တွင် ၄၂ ဒသမ ၉ သန်းနှင့် ၅၂ ဒသမ ၅ သန်းကြား ရောက်ရှိနိုင်ပြီး ၂၀၆၈ ခုနှစ်တွင် ၄၄ ဒသမ ၉ သန်းမှ ၇၄ သန်းကြားအထိ ရောက်ရှိနိုင်ကြောင်း အမျိုးသားစာရင်း အေဂျင်စီက ပြောသည်။

အသက်အရွယ် အလယ်အလတ် အပိုင်းအခြားတစ်ခုအနေဖြင့် ကနေဒါနိုင်ငံ၏ လူဦးရေသည် ၂၀၄၃ ခုနှစ် တွင် ၄၇ ဒသမ ၈ သန်းရှိနိုင်ပြီး ၂၀၆၈ ခုနှစ်တွင် ၅၆ ဒသမ ၅ သန်းအထိ ရှိနိုင်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ကနေဒါနိုင်ငံ၏ လူဦးရေသည် လာမည့်ဆယ်စုနှစ်များအတွင်း အသက်ကြီးရင့်လာသည့် အရွယ်သို့ ရောက်ရှိလာနိုင်သည့်အတွက် နိုင်ငံ၏ ပျမ်းမျှအလယ်အလတ် အသက်အရွယ်အပိုင်းအခြားသည် ၂၀၂၁ ခုနှစ်တွင် ၄၁ ဒသမ ၇ နှစ်မှ ၂၀၄၃ ခုနှစ်တွင် ၄၄ ဒသမ ၁ နှစ်ရှိနိုင်ပြီး ၂၀၆၈ ခုနှစ်တွင် ၄၅ ဒသမ ၁ နှစ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် အသက် ၈၅ နှစ်နှင့်အထက်ရှိသော နိုင်ငံလူဦးရေသည် ၂၀၂၁ ခုနှစ်တွင် ၈၇၁၀၀၀ ရှိရာမှ ၂၀၆၈ ခုနှစ်တွင် ၃ ဒသမ ၂ သန်းအထိ ရှိနိုင်ကြောင်း ကနေဒါစာရင်းအင်းအဖွဲ့က ပြောသည်။

**ဆင်ဟွာ**



# ပြင်ဦးလွင်မြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ Liquid Oxygen Tank 20m3 ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

ပြင်လွင်ဦးမြို့ ခုတင်(၃၀၀) ဆံ့ပြည်သူ့ဆေးရုံတွင် ယနေ့ နံနက်ပိုင်းက Liquid Oxygen Tank 20m3 ဖွင့်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန်ပံ့ငွေရှာဖွေရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ ၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပံ့ငွေရှာဖွေရေး ကော်မတီမှ နာယက ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Liquid Oxygen Tank 20m3 ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ(ယာပုံ) ဝန်ကြီးချုပ်က အလှူရှင်ဖြစ်သည့် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပံ့ငွေရှာဖွေရေးကော်မတီ အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပံ့ငွေရှာဖွေရေးကော်မတီမှ တာဝန်ရှိသူများက စက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံသို့လည်းကောင်း ပေးအပ်သည်။

ကိုဗစ်-၁၉ လူနာများနှင့် အောက်ဆီဂျင် လိုအပ်သော အခြားလူနာများ အသုံးပြုရာတွင် လွယ်လင့်တကူ အဆင်ပြေစေရန် Liquid Oxygen မှ Vapourizer ခံ၍ Gaseous Oxygen သို့ ပြောင်းပေးသော စနစ်ဖြစ်ပြီး စက်တစ်စုံ၏တန်ဖိုး ငွေကျပ် ၁၉၄ သန်းဖြင့် ဆောက်လုပ်တပ်ဆင်လှူဒါန်းခြင်း ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Liquid Oxygen Storage Tank မှ အောက်ဆီဂျင်ရယူ၍ လူနာများအသုံးပြုနိုင်အောင် ဆောင်ရွက်ထားရှိမှုကို



လိုက်လံကြည့်ရှုကာ လူနာများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး အာဟာရဖြည့်စွက်စာအဖြစ် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦး ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၃**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်မှ PDF အဖွဲ့ဝင် တစ်ဦး ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် လှိုင်းဘွဲ့တပ်နယ်ခန်းမ၌ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရပ်ကွက်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။(**အောက်ပုံ**)

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက် အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော် အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် တစ်ပင်ကောင်းမြောက်ကျေးရွာနေ ဖိုးချဲ(ခ) မောင်မောင်သည် ၎င်းအသုံးပြုသည့် “Mg Mg” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ပွင့်ဦးမွန် (ခ) ပိစိသည် ၎င်းအသုံးပြုသည့် “Pwint Oo Mon” Facebook အကောင့်၊ မိုးကုတ်မြို့နယ် အောက်ပိန်းပစ်ကျေးရွာနေ မြင့်သန်း(ခ) အုပ်ကြီး သည် ၎င်းအသုံးပြုသည့် “Myint Than” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်နေ ဝေနှင်းထွန်းသည် ၎င်းအသုံးပြုသည့် “Wai Hnin Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဩဂုတ် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၆၁ ရာခိုင်နှုန်းရှိ

(၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၅၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂) ဦးအနက် (၁၈) ဦး၊ (၃၄.၆၂) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၃၄) ဦး၊ (၆၅.၃၈) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ
(၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၈) ဦး | (၃၄.၆၂) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၃၄) ဦး | (၆၅.၃၈) % |
| စုစုပေါင်း | (၅၂) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၈၃,၇၉၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၇၄၈) ဦး ရှိပြီ ဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၃** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၇၆၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၇၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၅၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၂၃ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၇၆ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ် မောင်တောမြို့၌ အခြေခံပညာကျောင်းများရှိ အသက် ၅ နှစ်နှင့် ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူ ၁၇၉၆၁ ဦး အား ပထမအကြိမ် ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်

**မောင်တော ဩဂုတ် ၂၃** ရခိုင်ပြည်နယ် မောင်တောမြို့၌ အခြေခံပညာ ကျောင်းများရှိ အသက် ၅ နှစ်နှင့် ၁၂ နှစ် ကြားရှိ ကျောင်းသား ကျောင်းသူ များအား ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက သတ်မှတ်ကျောင်းစုရပ် နေရာများတွင် ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ စာရင်းများ မှတ်ယူခြင်း၊ ကျန်းမာရေး ဝန်ထမ်းများက လာရောက်ထိုးနှံသည့် အခြေခံပညာကျောင်းများရှိ အသက်ငါးနှစ်နှင့် ၁၂ နှစ် ကြားရှိ ကျောင်းသား ကျောင်းသူများအား ကိုယ်ပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူများကို မိနစ် ၃၀ ခန့် အနားယူစေကာ ကာကွယ်ဆေး ထိုးနှံနေမှုများအား ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့နယ် အခြေခံပညာကျောင်းများရှိ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရမည့် အသက် ၅ နှစ် နှင့် ၁၂ နှစ် ကြားရှိ ကျောင်းသား ကျောင်းသူများထဲမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး အား ဆက်လက်ထိုးနှံပေးခဲ့ပြီး ဇွန် ၂ ရက်မှ ဩဂုတ် ၂၂ ရက်အထိ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၁၇၉၆၁ ဦးအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးပြီးဖြစ်ရာ ကျန်ရှိသူ ကျောင်းသား ကျောင်းသူများအား ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိန်၊ သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**NP News Agency မှ ရုပ်သံတင်ဆက်သူ ဒေါ်သီရိက** လူမှုကွန်ရက်၌ ကျယ်ပြန့်စွာ အသုံးပြုလာသည့် ဆယ်စုနှစ်ကာလကျော်တွင် အထူးသဖြင့် Facebook ပေါ်မှအစပြုပြီး အမျိုးသားလုံခြုံရေးနှင့် ပတ်သက်သည့် လူဦးရေအချက်အလက်များ၊ လျှို့ဝှက်များ ပေါက်ကြားရုံတင်မက အမျိုးသားစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဘာသာတရားများ တိမ်မြုပ်လာခြင်း စသည့် အမျိုးသားလုံခြုံရေးစည်းများ ကျိုးပေါက်မှုကို မည်ကဲ့သို့ကာကွယ်မည်ကို သိလိုပါကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို မေးလိုကြောင်း၊ လက်ရှိသံတမန်အခင်းအကျင်းတွင် မြန်မာအစိုးရအနေဖြင့် ဖိအားပေး၊ ထိုးနှက်ခံရခြင်းကို ကြိမ်ဖန်များစွာ ကြုံတွေ့နေရကြောင်း၊ ကြိမ်ဖန်များစွာဖြစ်လာသည့်အတွက် ဖိအားပေးထိုးနှက်သည့်အဆင့်ထက်ပိုမို၍ တိုင်းပြည်ဂုဏ်သိက္ခာကိုပါ ထိခိုက်လာပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ပယ်ချကြောင်းသာ ထုတ်ပြန်ချက်ထုတ်နေကြောင်း၊ သက်ဆိုင်ရာသံတမန်အသိုင်းအဝိုင်းကို ထိုထက်မက ပိုမိုထိရောက်ပြင်းထန်သည့် လုပ်ဆောင်ချက်များ၊ သက်ဆိုင်ရာနိုင်ငံ၏ သံတမန်ကို ခေါ်ယူကန့်ကွက်ခြင်း လုပ်ဆောင်ခြင်း ရှိ/ မရှိ၊ ထိရောက်သည့် ကန့်ကွက်လုပ်ဆောင်ချက် ဆောင်ရွက်မှုမျိုးများ၊ လုပ်ဆောင်နိုင်စွမ်း ရှိ/မရှိသိလိုကြောင်း၊ တချို့သောနိုင်ငံများကို သံတမန်အဆင့် လျှော့ချထားသည်ကိုသာ သိရှိထားကြောင်း၊ နံပါတ်(၃) မေးခွန်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို မေးမြန်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကစိန်ခေါ်မှုများသည် နိုင်ငံရေးမတည်ငြိမ်မှု ကသောင်းကနင်းဖြစ်နေသည့် အခြေအနေများ၊ စည်းမျဉ်း စည်းကမ်းများ၊ မကြာခဏ အပြောင်းအလဲ ဖြစ်ပေါ်နေခြင်း၊ ငွေဈေးမတည်ငြိမ်ခြင်းများ စသည့် များပြားသည့် စိန်ခေါ်မှုများရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံလိုသူများကို မည်ကဲ့သို့သော အာမခံချက်များ လုပ်ပေးနိုင်ပါသလဲ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် မည်သည့်အတိုင်းအတာအထိ စီမံထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပထမဦးဆုံး Facebook လူမှုကွန်ရက်နှင့်ဆိုင်သည့်ကိစ္စ၊ ဒုတိယက MOFA အနေဖြင့် လုပ်နေသည့် Diplomatic ဆိုင်ရာကိစ္စများ၊ ကန့်ကွက်လွှာများ၊ ထိုကိစ္စများကို MOFA က ပြန်လည်ပြီး ဖြေဆိုမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲနှုန်းများ၊ FDI ကိစ္စများကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာနှင့် Facebook ၏ လွှမ်းမိုးလာမှုသည် သတင်းထောက်ကြီးတို့မြင်သည့်အတိုင်း သုံးသပ်သည့်အတိုင်းဖြစ်ကြောင်း၊ မိမိတို့၏အမျိုးသားရေးစရိုက် လက္ခဏာအသီးသီးအပေါ် (National Identity)၊ ယဉ်ကျေးမှုအပေါ်၊ နိုင်ငံရေးအပေါ် တော်တော်များများ လွှမ်းမိုးမှုရှိသည်ကို တွေ့ရကြောင်း၊ အများအားဖြင့် နိုင်ငံရေး မငြိမ်မသက်ဖြစ်အောင်လုပ်ခြင်းဖြစ်ကြောင်း၊ ယခု လောလောဆယ်ဖြစ်နေသည့် ဆူပူအကြမ်းဖက်မှုများကို အများဆုံး လှုံ့ဆော်နေသည်မှာ Facebook ပေါ်ကဖြစ်ကြောင်း၊ Facebook ကိုင်တွယ်နေသည့်သူများ၊ Facebook နှင့် ပတ်သက်ပြီး ကိုင်တွယ်နေသည့် အဖွဲ့အစည်းက ၎င်းတို့အနေဖြင့် အမြဲတမ်းစောင့်ကြည့်နေသည်၊ ၎င်းတို့ပြောနေသည့် Social Standard နှင့်မကိုက်ညီသည်များကို ပယ်ဖျက်နေသည်ဟု အမျိုးမျိုးပြောနေကြောင်း၊ အမှန်တကယ် မြန်မာနိုင်ငံအနေဖြင့် Facebook ပေါ်တွင် အဖျက်ခံနေရခြင်းသည် အမျိုးသားရေး၊ နိုင်ငံတော်၏ အခြေခံယဉ်ကျေးမှု မူလဖြစ်သည့် အမျိုးဘာသာသာသနာနှင့်ပတ်သက်လာပြီး တင်နေသည်များကို အမြဲတမ်းအဖျက်ခံနေရခြင်းကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဥပမာတစ်ခုအနေဖြင့် အစောပိုင်းကပြသခဲ့သည့် Video ထဲ၌ တပ်မတော်က ရုရှားနိုင်ငံတွင် ပထမဆုံးသွားရောက်ပြီး ယှဉ်ပြိုင်သည့် ဗိုလ်လောင်းများသည် ရွှေတံဆိပ်ဆုရခဲ့ကြောင်း၊ မြန်မာနိုင်ငံတော်အလံကို ရုရှားနိုင်ငံတွင် နိုင်ငံတော်သီချင်းနှင့်အတူ လွှင့်ထူခဲ့သည်ကို မြင်လိမ့်မည်ဖြစ်ကြောင်း၊ ထို Video ကို တပ်မိသားစုများ၊ အရပ်ဘက်ပြည်သူများက Facebook ပေါ်တွင်တင်ကြောင်း၊ Facebook ပေါ်တွင်တင်တိုင်း အမြဲတမ်းဖြုတ်ချခံရကြောင်း၊ ၎င်းတို့သည် မည်သည့် Standard ဖြစ်သနည်း၊ ၎င်းတို့ပြောနေသည့် Social Standard နှင့် မည်သည့်အရာများက ငြိနေသည်ကို မိမိမေးလိုကြောင်း၊ ထိုအကြောင်းအရာသည် အနီးဆုံးရက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည်ကို ပြောခြင်းဖြစ်ကြောင်း၊ မိမိသတင်းစာရှင်းလင်းပွဲအစတွင် ပြောခဲ့ကြောင်း၊ စစ်ကိုင်း၌ ဖြစ်ပျက်ခဲ့သည်များကို ကြည့်ခြင်းအားဖြင့် တော်တော်ကို ရက်စက်ကြောင်း၊ ခရီးသည်တင်ကားပေါ်တွင် လိုက်လာပြီ ပစ်ခတ်ခဲ့ကြောင်း၊ ခရီးသည်များကို အကာအကွယ်ယူပြီး ပစ်ခတ်ခဲ့ကြောင်း၊ အမျိုးသမီးတစ်ယောက်ကို ဖမ်းချုပ်ပြီး ၎င်းရှေ့တွင် အကာအကွယ်ယူပြီး ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းအမျိုးသမီးသည် ညာဘက်ခြေထောက်ကိုသာ သေနတ်ထိခဲ့ပြီး သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်း မဟုတ်ကြောင်း၊ ၎င်းသည် PDF အကြမ်းဖက်များ၏ ဓားစာခံ လုပ်ခံရခြင်းကြောင့် ထိတ်လန့်ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်ခဲ့ခြင်းများကို လူမှုကွန်ရက်ပေါ်တွင် Live လွှင့်ပြီး တင်နေသည်ကို အတင်မခံခဲ့ကြောင်း၊ မကြာခဏဖြုတ်ချခံခဲ့ရကြောင်း၊ ယခုအချိန်အတွင်း မည်မျှအဖြုတ်ချခံနေရသည်ကို ပြန်လေ့လာကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ထိုအကြောင်းအရာသည် အမှန်ဖြစ်ကြောင်း၊ တော်တော်ကို အန္တရာယ်များနေကြောင်း။

မိမိတို့အနေဖြင့် ကန့်သတ်နိုင်ရေး လုပ်ဆောင်နေကြောင်း၊ ကန့်သတ်နေသည်မှာ နည်းနှစ်နည်းရှိကြောင်း၊ ပထမနည်းမှာ ကန့်သတ်နိုင်ရေး လုပ်ဆောင်ချိန် အားလုံးသိသည့်အတိုင်း ကျော်၍ခွ၍ ရသည့်နည်းများဖြစ်သည့် VPN ခံပြီး ကျော်နေရသည်များရှိကြောင်း၊ သို့သော် ဆက်လက်ပြီး မလုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆောင်ရွက်နေခြင်းများရှိကြောင်း၊ သို့သော် အပြည့်အဝ အောင်မြင်မှုများ မရရှိသေးကြောင်း၊ ယခုကဲ့သို့ ကန့်သတ်လိုက်ပြီဆိုလျှင် မိမိတို့နောက်ထပ်လုပ်ရန် တာဝန်ရှိလာသည့်တစ်ခုရှိပါကြောင်း၊ Social Media ကို သုံးစွဲပြီးသား လူတစ်ယောက်သည် မသုံးစွဲဘဲနေ၍ မရကြောင်း၊ ၎င်း၏စိတ်အလိုဆန္ဒ ပြည်သူလူထုအပေါ်တွင်လည်း ကြည့်ရမည်ဖြစ်ကြောင်း၊ ထိုနေရာကို အစားထိုးနိုင်ရန်အတွက်လည်း မိမိတို့ Social Media Platform တစ်ခုကို တီထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနနှစ်ခု၊ သုံးခုပေါင်းပြီး ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ်သုံးအချက်မှာ ကန့်သတ်မှုများဖြစ်ကြောင်း၊ Facebook Team အနေဖြင့် မြန်မာနိုင်ငံတွင် ယခုလောက်ပြ၍ရအောင် မည်သည့်နေရာကနေပြီး မည်သည့်ဝင်ငွေများရရှိအောင် လုပ်နေသလဲဆိုလျှင် ကြော်ငြာများသာဖြစ်ကြောင်း၊ ကြော်ငြာနေသည့်သူများနှင့်ပတ်သက်ပြီး မြန်မာကုမ္ပဏီ၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်နေသည့် ကုမ္ပဏီများကိုလည်း မိမိတို့အနေဖြင့် ကန့်သတ်မှုများဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တကယ်ဖြစ်ပျက်နေသည့် အန္တရာယ်နှင့်ပတ်သက်ပြီး အသိပေးသည့်အတွက် သတင်းဌာနကိုလည်း ကျေးဇူးတင်ကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရပ်တည်ချက်၊ နိုင်ငံခြားရေးမူဝါဒ တကယ်ဖြစ်ပျက်နေသည်တို့ကို မတရားစွပ်စွဲနေသည်ကို မိမိပြောပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ အသေးစိတ်လုပ်ဆောင်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြီး ပြောကြားသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မြန်မာအစိုးရ၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်နက်တည်တံ့ခိုင်မြဲရေးကို လေးစားသည့် မူဝါဒကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရဖိအားပေးရန် ကြိုးပမ်းရာတွင်လည်းကောင်း၊ အခြေအမြစ်မရှိသည့် စွပ်စွဲမှုများပြုလုပ်ရာတွင်လည်းကောင်း မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကြေညာချက်များထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာသံရုံးများ (သို့မဟုတ်) နိုင်ငံတကာအဖွဲ့အစည်းများသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် အကြောင်းကြားခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူများကလည်း သံရုံးများ (သို့မဟုတ်) နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ခေါ်ယူတွေ့ဆုံကာ မြန်မာနိုင်ငံအပေါ် သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ၊ လွှတ်တော်များ၏ မသင့်မလျော်ပြောဆိုဆက်ဆံမှုနှင့် ပတ်သက်၍ နိုင်ငံတကာဆက်ဆံရေးစံနှုန်းများနှင့်အညီ အပြင်းအထန်ကန့်ကွက် ပြောဆိုလျက်ရှိကြောင်း၊ အလားတူ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများမှ အကြီးအကဲများကလည်း သက်ဆိုင်ရာနိုင်ငံများရှိ တာဝန်ရှိသူများကို တူညီသော သတင်းစကားများ အသိပေးပြောကြားကြောင်း၊ နောင်တစ်ချိန် အလားတူဖြစ်စဉ်မျိုး ပေါ်ပေါက်ခဲ့ပါကလည်း မိမိတို့အနေဖြင့် သံတမန်ရေးနည်းလမ်းများနှင့် ကောင်းစွာဖြစ်တည်ပြီးဖြစ်သော သံတမန်ရေးအလေ့အကျင့်ကောင်းများကို နိုင်ငံတကာသံတမန်ဆက်ဆံရေးစံနှုန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

*စာမျက်နှာ ၁၇ သို့*




**အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း မှတ်တမ်းဓာတ်ပုံ။**

စာမျက်နှာ ၁၆ မှ

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** တတိယအချက်ဖြစ်သော စီးပွားရေးဆိုင်ရာနှင့် FDI ဆိုင်ရာများ၊ Foreign Exchange Rate အပိုင်းများနှင့်ပတ်သက်ပြီး ဗဟိုဘဏ်နှင့် ရင်းနှီးစီးပွား သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ထိုအဖွဲ့များက သက်ဆိုင်သူများ ဖြေကြားနိုင်ရန် ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမျိုးသားစီမံကိန်းဥပဒေအရ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအနေနှင့် မြန်မာကျပ်ငွေ ၁၆၁၅ ဒသမ ၈၁၉ ဘီလီယံခန့် မှန်းထားပြီး အိမ်ရာအဆောက်အအုံ တည်ဆောက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့ကို အဓိကထားခွင့်ပြုနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အဓိကအဆိုပြုထားသည်မှာ စက်မှုလုပ်ငန်းအများဆုံးဖြစ်ပြီး လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ရာအဆောက်အအုံလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး ဟောင်ကောင်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ၉ ခုကိုအဆိုပြုထားပြီး အဆိုပြုလွှာတင်လာခဲ့လျှင် ထိုလုပ်ငန်း ၉ ခုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း။

ထိုလုပ်ငန်း ၉ ခုမှာ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းစသည့် လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ယာဉ်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆီထွက်သီးနှံဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်ပြီး လာရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံသူ ဦးတည်စနစ် (Investor targeting) နည်းလမ်းအား အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ထားသည့်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုလွှာ တင်လာမည်ဆိုလျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များကို လိုအပ်သလို လျင်မြန်စွာ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုကိစ္စနှင့်ပတ်သက်ပြီး စီးပွားကူးသန်း Website များတွင် ပြန်လည်ပြီး ထုတ်ပြန်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာစာသည် အလက်များ တကယ်ဖြစ်ပျက်နေသည့် အချက်အလက်များကို ယခုအကြံပေးသွားသကဲ့သို့ မသိသေးသည်မှာ များပြားနေသည်ကို တွေ့ရကြောင်း၊ ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စီးပွားကူးသန်း၊ ရင်းနှီးစီးပွားအဖွဲ့များနှင့် ကျန်ရှိနေသည့် အဖွဲ့များ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့လုပ်ဆောင်နေသည်များ၊ FDI ဝင်ရောက်လာမှုများ ထုတ်ပြန်နိုင်သည့်သတင်းများကို မြန်မာပိုင်းတွင်သာမက အင်္ဂလိပ်ပိုင်းကိုပါ တတ်နိုင်သမျှ ထုတ်ပြန်ပေးရန် ပြောလိုကြောင်း၊ မိမိတို့ ချိတ်ဆက်ထားသည့် Information Team ရှိကြောင်း၊ Information Team သို့ ထိုအချက်အလက်များကို ပေးရန်ပြောလိုကြောင်း၊ Media အများစုက Information Team တွင် လာကြည့်ကြကြောင်း၊ ဝန်ကြီးဌာနများမှ ထုတ်ပြန်စေလိုသည့် အချက်အလက်များရှိလျှင် English Section အနေနှင့်ရော Myanmar Section အနေနှင့်ပါ Information Team ကို ပေးရန် မိမိပြောလိုကြောင်း ၊ Information Team ကိုပေးပြီး မိမိတို့ ပြန်တင်ပေးသည့်အချိန်တွင် ပိုမိုပြီး သတင်းပျံ့နှံ့နိုင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

> “မဲစာရင်းစစ်ဆေးရန် အုပ်စုနှစ်စု ကွဲနေကြောင်း၊ အချိန်တန်လျှင် မည်သူကမည်သို့ဖြစ်သည်ကို ထုတ်ပြောမည်ဖြစ်ကြောင်း၊ မည်သူက မည်သည့်နေရာတွင် မဲစာရင်းစစ်ဆေးလိုကြောင်း၊ မည်သူက မဲစာရင်းမစစ်ဆေးလိုကြောင်း၊ တိတိကျကျပြောရလျှင် ၎င်းတို့ပါတီထဲတွင် ရှိနေသည့်သူများအနေဖြင့် ၎င်းတို့ပါတီ၏သိက္ခာအရ စစ်ဆေးလိုကြောင်း၊ သို့သော် အစိုးရအဖွဲ့ထဲတွင် ရောက်နေသည့်သူများက မဲစာရင်းများကို စစ်ဆေးမခံလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ထိုမဲမသမာမှုများကို ၎င်းတို့ညွှန်ကြားချက်ဖြင့် ၎င်းတို့ကိုယ်တိုင် လုပ်ခဲ့သည့်အတွက် မဲစာရင်းစစ်လိုက်လျှင် မဲမသမာမှုများ တွေ့ရမည်ဖြစ်ကြောင်း၊ စစ်လိုက်၍ တွေ့လျှင် ထိုပါတီသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ လုံးဝလုပ်စား၍ ရမည်မဟုတ်ကြောင်း၊ မဲလိမ် မဲခိုးသည့်ပါတီဆိုပြီး သမိုင်းတွင်သွားမည်ဖြစ်ကြောင်း”

**Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာချုပ် ဦးအောင်မင်းက** လက်ရှိအချိန်တွင် တချို့လူငယ်များသည် ၎င်းတို့ကို နိုင်ငံတော်အစိုးရက ပစ်ပယ်ထားသည်ဟု ခံစားနေသည့်လူငယ်များရှိကြောင်း၊ တချို့လူငယ်များက နိုင်ငံခြားကို ထွက်သွားသည့် လူငယ်များရှိကြောင်း၊ တချို့လူငယ်များက ပြည်တွင်းတွင် ကိုယ်ပိုင်စီးပွားရေး တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေကြကြောင်း၊ တချို့လူငယ်များက အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပညာသင်ကြားနေသည့် လူငယ်များလည်း ရှိကြောင်း၊ မြန်မာပြည်ထဲတွင်ရှိနေသည့် ကိုယ်ပိုင်စီးပွားရေးလုပ်နေသည့် လူငယ်များက အကယ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို စီးပွားရေးလုပ်ရန် အတိုးနှုန်း သက်သာစွာဖြင့် ငွေချေးငှားခြင်း အစီအစဉ်ရှိ / မရှိ သိလိုပါကြောင်း၊ ပညာသင်ယူနေသည့်လူငယ်များအတွက် အချိန်ပိုင်းအလုပ်ဖန်တီးပေးရန် အစီအစဉ်ရှိ / မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** လူငယ်များအတွက် အကြံပေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ လူငယ်များနှင့် ပတ်သက်ပြီး သီးခြားဆောင်ရွက်ထားခြင်း မရှိသေးကြောင်း၊ အကြံပြုချက်များကို သက်ဆိုင်ရာများသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရင်းနှီးမြှုပ်နှံမှုတိုးတက်ရန် ငွေကျပ်ဘီလီယံ ၄၀၀ ကို ခွင့်ပြုထားသည့် အထဲတွင် ငွေကျပ် ဘီလီယံ ၃၃၀ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ ကျန်သည့်ငွေထဲမှ ယင်းအကြံပြုချက်များတွင် သုံး၍ရ/မရ ဆက်လက်ဆွေးနွေးသွားရမည့် အစီအစဉ်များရှိကြောင်း၊ အစိုးရအနေဖြင့် လူငယ်များနှင့်ပတ်သက်ပြီး ပစ်ပယ်ထားခြင်းမျိုး မရှိကြောင်း၊ ပစ်ပယ်ထားခြင်းမရှိသည့်အတွက်လည်း တောထဲနှင့် တချို့နေရာများတွင် ရောက်ရှိနေသည့် လူငယ်များကိုလည်း ပြန်လာရန်အမြဲဖိတ်ခေါ်ခြင်းများရှိကြောင်း၊ ဖိတ်ခေါ်နေသည့်အပြင် လူငယ်များနှင့်ပတ်သက်ပြီး လူငယ်များကို ပညာရေးတွင် ဆုံးခန်းတိုင်အောင် ပညာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ လုပ်ငန်းခွင်ရောက်နေသည့် လူငယ်များအတွက်လည်း အခွင့်အရေးများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ အခွင့်အရေးများ ဖန်တီးပေးနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦးက** ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး နှစ်ဖက်စလုံးကို မေးခွန်းထုတ်လိုပါကြောင်း၊ နှစ်ဖက်စလုံးဆိုသည့်နေရာတွင် ပထမဦးဆုံးအနေဖြင့် NLD ပါတီက တာဝန်ရှိ ပုဂ္ဂိုလ်များကို သတင်းစာရှင်းလင်းပွဲမှ မေးခွန်းထုတ်လိုကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် တပ်မတော်ဘက်မှ မဲစာရင်းမှားယွင်းမှုများ ရှိနေကြောင်း၊ မဲမသမာမှုများ ဖြစ်နေကြောင်းကို ထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ကြောင်း၊ ထို့နောက် သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီး သတိပေးခဲ့ကြောင်း၊ ယင်းမဲမသမာမှုများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များကို ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့ကြောင်း၊ အကယ်၍ ယင်းမဲမသမာမှုများမဖြေရှင်းဘဲ အစိုးရဖွဲ့ပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မ ရယူခဲ့မည်ဆိုလျှင် တပ်မတော်အနေဖြင့် မဖြစ်မနေမလွှဲသာမရှောင်သာ အာဏာထိန်းခြင်း (သို့မဟုတ်) အာဏာသိမ်းခြင်းများ တစ်ခုခုလုပ်နိုင်သည်ဟု သိပါလျက်နှင့် ယင်းမဲမသမာမှုများကို မည်သည့်အတွက်ကြောင့် ပြန်လည်မဖြေရှင်းပေးခဲ့ပါသလဲ၊ နောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရကို မေးခွန်းထုတ်လိုသည်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲစာရင်းမသမာမှုများ၊ မဲစာရင်း မှားယွင်းမှုအားလုံးကို ယနေ့အချိန်ထိ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေရှင်းပေးခြင်းမရှိသေးကြောင်း၊ လက်ရှိ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးသည့်အခါ မဲစာရင်း မှားယွင်းမှုများသည် သာမန်သဘောရိုးမှားယွင်းခြင်းမျိုး မဟုတ်ဘဲ စနစ်တကျ အကွက်ကျကျ ကြိုတင်စီစဉ်ထားသည့် မဲလိမ်မဲခိုးမဲညစ်မှုများဖြစ်သည်ကို စိစစ်ဖော်ထုတ်ပြီးဖြစ်ကြောင်း၊ ထိုလုပ်ရပ်သည် မိမိတို့ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတစ်လျှောက်လုံးတွင် အဆိုးရွားဆုံး၊ အညစ်ပတ်ဆုံး မဲခိုးမှုဟုပြော၍ ရကြောင်း၊ ယင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယနေ့အချိန်ထိ မူလအတိုင်းမပြောင်းလဲဘဲ မဲမသမာမှုဟု သုံးနှုန်းနေသည်ကိုတွေ့ရကြောင်း၊ မဲခိုးမဲလိမ်သည်ကို မဲခိုးမဲလိမ်ခြင်းဟု မပြောရလောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အနေဖြင့် မည်သည့်အခက်အခဲများ ရှိနေသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ခဲ့သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုယ်တိုင်က ၎င်းမဲဆန္ဒနယ်တွင် ဖြစ်ခဲ့သည့် မဲဆန္ဒစာရင်းများကို လာပြကြောင်း၊ ယင်းကဲ့သို့ ဖြစ်စဉ်များကို တပ်မတော်သို့အကြောင်းကြားလာကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၎င်းတို့ကို မဲစာရင်းများ စစ်ဆေးပေးနိုင်ရန် တောင်းခံခဲ့ကြောင်း၊ မီဒီယာများမြင်သည့်အတိုင်း မိမိတို့သာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရကြောင်း၊ မဲစာရင်းများပေးရန် ထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့ကြောင်း၊ မဲစာရင်းများကို တောင်းသော်လည်း မဲစာရင်းများကို မပေးနိုင်ဘူးဟု ငြင်းကြောင်း၊ ဥပဒေထဲတွင်မပါဘူးဟု ငြင်းသည့်အတွက် ဥပဒေထဲတွင်ပါပြီးသားဖြစ်ကြောင်း၊ မဲဆန္ဒရှင်မည်သူမဆို တောင်းလျှင် ၂၅ ကျပ်ပေးပြီး တောင်း၍ရကြောင်း၊ မပေးသည့် အတွက်ကြောင့် နောက်တစ်ခါ မိမိတို့က စာရင်းများအရ ပြန်လည်၍ တိုက်ဆိုင်စစ်ဆေးကြောင်း၊ မိမိတို့အားလုံးသတိပြုရမည်မှာ အချက်နှစ်ချက်ကို ထောက်ပြလိုကြောင်း။

နံပါတ်တစ်အချက်က ဇန်နဝါရီလကုန်ခါနီး မီဒီယာများပေါ်တွင်လည်း လက်ရေးမူဖြင့် စာတစ်စောင်တွေ့မည်ဖြစ်ကြောင်း၊ အကြီးအကဲများကိုယ်တိုင် လက်ရေးဖြင့်ရေးပြီး လက်မှတ်ထိုးပြီး ပို့လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် နိုင်ငံတော်သမ္မတဖြစ်သူထံနှင့် ကျန်သည့်အကြီးအကဲများထံသို့ ထိုစာရောက်ရှိကြောင်း၊ ထိုစာထဲတွင် အချက်သုံးချက်ကို ရှင်းရှင်းလင်းလင်းပြောထားကြောင်း၊ နံပါတ်တစ်အချက်က မဲမသမာမှုများ၊ မဲစာရင်းလွဲမှားမှုများဖြစ်နေကြောင်း၊ ယင်းမဲစာရင်းများကို တပ်မတော်၊ အစိုးရ၊ ကြားနေအဖွဲ့အစည်းပါသည့် အဖွဲ့ဖွဲ့ပြီး စစ်ပေးရန်၊ နံပါတ်နှစ်အချက်က မဲစာရင်းစစ်နေသည့်အချိန်တွင် လွှတ်တော်ကိုမခေါ်ဘဲ ခေတ္တဆိုင်းငံ့ထားရန်၊ နံပါတ်သုံးအချက်က စစ်ဆေးပြီးလျှင် ဥပဒေအတိုင်း ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ ဝင်ရောက်ပတ်သက်မည့် ကဏ္ဍမပါဝင်ကြောင်း၊ ထိုအချိန်တွင် မီဒီယာများအားလုံးလည်း သတိပြုမိမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင် မဲစာရင်းများစစ်ဆေးရန် ကွန်ပျူတာများယူလာခြင်းများတွေ့ရကြောင်း၊ ကျောင်းများတွင် ကွန်ပျူတာများစုပြီး ဖေဖော်ဝါရီ ၁ ရက်မတိုင်ခင် သုံးလေးရက်အလိုတွင် မဲစာရင်းများ စစ်ဆေးရန် အသံများထွက်လာကြောင်း၊ ထို့နောက် တစ်ရက်၊ နှစ်ရက်အလိုတွင် ပြန်ပျောက်သွားကြောင်း၊ ၎င်းတို့အသိုင်းအဝိုင်းတွင် လွှတ်တော်ကို ခေတ္တခေါ်ပြီး လွှတ်တော်ဖွင့်ခြင်းပြုလုပ်ပြီး မဲစာရင်းစစ်ဆေးရန် နှစ်ပတ်ခန့်ဆိုင်းငံ့ပြီး မဲစာရင်းစစ်မည်ဟုပြောပြီး ပျောက်သွားကြောင်း။

လွှတ်တော်ကျင်းပပြီး နိုင်ငံတော်၏ အာဏာ၊ မဲလိမ်၊ မဲခိုးခြင်းကို ၎င်းတို့ပဲ ယူမည်ဟုလုပ်သည့်အချိန်တွင် ဖေဖော်ဝါရီ ၁ ရက်ကိစ္စဖြစ်လာကြောင်း၊ ၎င်းတို့အနေဖြင့် မဲစာရင်းစစ်ဆေးရန် အုပ်စုနှစ်စု ကွဲနေကြောင်း၊ အချိန်တန်လျှင် မည်သူကမည်သို့ဖြစ်သည်ကို ထုတ်ပြောမည် ဖြစ်ကြောင်း၊ မည်သူက မည်သည့်နေရာတွင် မဲစာရင်းစစ်ဆေးလိုကြောင်း၊ မည်သူက မဲစာရင်းမစစ်ဆေးလိုကြောင်း၊ တိတိကျကျပြောရလျှင် ၎င်းတို့ပါတီထဲတွင် ရှိနေသည့်သူများအနေဖြင့် ၎င်းတို့ပါတီ၏သိက္ခာအရ စစ်ဆေး

စာမျက်နှာ ၁၈ သို့



ဒေါ်သဇင်ဦး
သူရိယနေဝန်းသတင်းဌာန



ဦးကျော်မျိုးမင်း
NP News သတင်းဌာန

✻ အခြေခံဥပဒေနှင့် ပတ်သက်၍ လွှတ်တော်ထဲတွင် ပြင်ရမည့်အချက်များကို တပ်မတော်အနေဖြင့် ကတိပေးပြီးဖြစ်ကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် လွှတ်တော်တွင် အထက်ပါအချက်များနှင့် ပတ်သက်၍ အဆိုပြုချက်များတင်သွင်းရာ၌ တပ်မတော်က အပြည့်အဝထောက်ခံမည်ဟု ပြောပြီးဖြစ်ကြောင်း၊ အထက်ပါ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း

*စာမျက်နှာ ၁၇ မှ*

လိုကြောင်း၊ သို့သော် အစိုးရအဖွဲ့ထဲတွင် ရောက်နေသည့်သူများက မဲစာရင်းများကို စစ်ဆေးမခံလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ထိုမဲမသမာမှုများကို ၎င်းတို့ညွှန်ကြားချက်ဖြင့် ၎င်းတို့ကိုယ်တိုင်လုပ်ခဲ့သည့်အတွက် မဲစာရင်းစစ်လိုက်လျှင် မဲမသမာမှုများတွေ့ရမည်ဖြစ်ကြောင်း၊ စစ်လိုက်၍တွေ့လျှင် ထိုပါတီသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ လုံးဝလုပ်စား၍ ရမည်မဟုတ်ကြောင်း၊ မဲလိမ်မဲခိုးသည့်ပါတီဆိုပြီး သမိုင်းတွင်သွားမည်ဖြစ်ကြောင်း။

အကြောင်းအခြင်းအရာအရ ပြောရလျှင် ယင်းအချိန်တွင် တပ်မတော်ကို ပြောနေသည့်စကားများသည် တပ်မတော်ကို အာဏာမသိမ်း သိမ်းအောင်၊ ဇာတ်နာအောင်လုပ်သည်ဟု ယူဆကြောင်း၊ အာဏာမသိမ်း သိမ်းအောင် ဆွနေသည်ဟု ယူဆရကြောင်း၊ "သိမ်းရဲသိမ်းကြည့်ပါလား၊ သိမ်းရင် အားလုံးနှင့် တွေ့မယ်" စသဖြင့်ပြောကြကြောင်း၊ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်သွားလျှင် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရပ်တည်ခွင့်၊ သိက္ခာပိုင်းဆိုင်ရာ အဖတ်ဆယ်၍ မရနိုင်သည့်အကြောင်းအရာများကို တပ်မတော်ဆိုသည့် ဟင်းခတ်ဇွန်းကို မဖြစ်မနေခတ်မိအောင်လုပ်ပြီး အဖတ်ဆယ်သည်ဟု မိမိမြင်ကြောင်း၊ နံပါတ်နှစ်အချက် မဲမသမာမှုဟု သုံးစွဲခဲ့ကြောင်း၊ ယခုအချိန်ထိလည်း နိုင်ငံတော်အကြီးအကဲ အနေဖြင့်လည်း မဲမသမာမှုဟု သုံးစွဲကြောင်း၊ သို့သော် တပ်မတော်သည် Institution တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေး စတင်ကြိုးပမ်းစဉ်ကာလကတည်းက ပေါ်ပေါက်လာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ယင်း အဖွဲ့အစည်းတစ်ခုအနေဖြင့် ပြည်သူလူထုကပေါက်ဖွားလာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုအရ မိမိတို့အစိုးရသည် မဲမသမာမှုဟု သုံးခြင်း ဖြစ်ကြောင်း၊ သို့သော် မဲမသမာမှုများသည် မည်သည့်အဓိပ္ပာယ်လဲဆိုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ ယဉ်ကျေးမှုအရ မိမိတို့ သုံးနှုန်းနေခြင်းဖြစ်သည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က ပြည်သူများလက်ရှိရင်ဆိုင်တွေ့ကြုံနေရသည့် အကြမ်းဖက်မှုကိစ္စရပ်များ ချုပ်ငြိမ်းရန် အကြံပြုလိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြီးခဲ့သည့်တရားခွင်တွင် NUG / CRPH ကို မသိဘူးဟု ထွက်ဆိုခဲ့သည့်သတင်းများ ထွက်ပေါ်နေကြောင်း၊ သို့သော် တပ်မတော်ကအာဏာထိန်းစကာလတွင် NLD ပါတီနာယက ဦးဝင်းထိန်ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့ ပန်ကြားချက်ဆိုသည့် စာသည် ဒေါ်အောင်ဆန်းစုကြည်၏ အာဘော်စစ်စစ်ဖြစ်ကြောင်း၊ ၎င်းအသက်ဖြင့်ရင်းပြီး အာမခံသည်ဟု မီဒီယာများကို ထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ယင်းစာတွင် ပါသည့်စာအရ တပ်မတော် အာဏာသိမ်းခြင်းကို ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့် လက်မခံဘဲ တစ်ခဲနက်ဆန့်ကျင်ကြရန် ၎င်း၏တိုက်တွန်းချက်အရ NLD မှ NUG/ CRPH/ PDF ဆိုသည့် အဖွဲ့အစည်း အသီးသီး ဆင့်ကဲဆင့်ကဲ ပေါက်ဖွားမွေးဖွားလာခြင်းရှိကြောင်း၊ သို့သော် တရားခွင်တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် NUG/ CRPH/PDF ကို မသိဘူးဆိုသည့် စကားလုံးတစ်လုံးနှင့် မိမိတို့နိုင်ငံတွင် လက်ရှိ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်းများ၊ အခက်အခဲများ၊ အကြမ်းဖက်ကိစ္စရပ်များသည် လုံလောက်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားမှတ်ချက် NUG / CRPH / PDF များ၏အပေါ်တွင် ၎င်းအနေဖြင့် ထောက်ခံလျှင် ထောက်ခံကြောင်း၊ ကန့်ကွက်လျှင်လည်း ကန့်ကွက်ကြောင်း၊ အသိအမှတ်ပြုလျှင်လည်း အသိအမှတ်ပြုကြောင်း စသည့် ၎င်း၏ သဘောထား မှတ်ချက်ရုပ်သံကို မိမိတို့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများကပါ ရုပ်သံမှတ်တမ်းအနေဖြင့် ချပြရန်အစီအစဉ်ရှိ /မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စများသည် ကြိုတင်ပြောနိုင်သည့် အကြောင်းအရာများ မဟုတ်ကြောင်း၊ သို့သော် နိုင်ငံရေးတွင် မဖြစ်နိုင်ဘူးဟူ၍ မရှိသကဲ့သို့ ဖြစ်လာချိန်တန်လျှင် ဖြစ်လာလိမ့်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် EAO အဖွဲ့ ၁၀ ဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့သည်ဟု သတင်းစကားများကြားရကြောင်း၊ ယမန်နေ့ညက ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နားလည်သူများကလာရောက်ပြီး နားမလည်သည့်သူများအနေဖြင့် ဘေးမှကန့်လန့်ပြောဆိုမှုများရှိသည်ဟု ပြောသည်ကို တွေ့ရကြောင်း၊ မကြာမီကာလအတွင်း လာရောက်ဆွေးနွေးခဲ့သော EAO အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံသွားမည်ဆိုသည့် သတင်းစကားကိုလည်း ကြားသိရကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့မှာ ၁၀ ဖွဲ့ရှိပြီး ဆွေးနွေးခြင်းမပြုတပ်မတော်ကို မယုံကြည်ဘဲ အပြုတ်တိုက်မည်ဟု ကြွေးကြော်နေသည့်အဖွဲ့က တစ်ဖက်ရှိပါကြောင်း၊ အပြုတ်တိုက်မည်ဆိုသည့်အဖွဲ့များကို မည်သည့်သတင်းစကားများ ပြောကြားလိုသည်ကို သိလိုကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့ ၁၀ ဖွဲ့ကို မည်သည့်သတင်းစကားများ ပြောကြားလိုသည်ကိုသိလိုကြောင်း၊ ထို့ပြင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် EAO အဖွဲ့များနှင့်တွေ့ဆုံသကဲ့သို့ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံမည်ဟုဆိုသည့်သတင်းများကိုလည်း ကြားသိနေရသောကြောင့် ထိုသတင်းမှာ အမှန်တကယ် ဟုတ်၊ မဟုတ်နှင့် အမှန်တကယ်ဖြစ်ပါက မည်သည့်အချိန်ခန့်တွင် တွေ့ဆုံမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က EAO ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ထိုအဖွဲ့များနှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ဆုံခဲ့ပြီးဖြစ်သည့် EAO ၁၀ ဖွဲ့က ပြောကြားခဲ့သည့် အကြံပြုချက်များ၊ လိုလားချက်များ၊ တိုက်တွန်းချက်များရှိကြောင်း၊ ထိုအကြောင်းအရာများနှင့် ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် အလေးအနက်ထားမှတ်သား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအကျော့တွင်လည်း ဗိုလ်ချုပ်မှူးကြီး ပြောခဲ့သကဲ့သို့ EAO အဖွဲ့များအနေဖြင့် လုပ်ချင်သည့် ကိစ္စများရှိကြောင်း၊ မိမိတို့အနေဖြင့် လုပ်နိုင်သည့် ကိစ္စများရှိကြောင်း၊ လုပ်ချင်သည့်ကိစ္စနှင့် လုပ်နိုင်သည့်ကိစ္စ ကြားထဲ၌ လုပ်သင့်သည့်ကိစ္စများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် EAO အဖွဲ့များနှင့် အစွမ်းကုန်ပွင့်လင်းစွာ ဆွေးနွေးပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် လိုအပ်သည်များနှင့် ၎င်းတို့၏ လိုလားချက်များကို ဆွေးနွေးကြကြောင်း၊ ယခုလက်ရှိ အခြေအနေအရ အဆိုပါစနစ်ကို ကျင့်သုံးနိုင်သည့်အရာများတွင် အခြေခံဥပဒေကို ပြင်ပြီးမှသာလျှင် ကျင့်သုံးနိုင်မည့်အရာများရှိသကဲ့သို့ အခြေခံဥပဒေကို မပြင်မီကျင့်သုံးနိုင်မည့် အရာများလည်းရှိကြောင်း၊ ကျင့်သုံးနိုင်သည်များကို လက်တွေ့စတင်ကျင့်သုံးမည်ဟု ပြောပြီးဖြစ်ကြောင်း၊ အခြေခံဥပဒေနှင့် ပတ်သက်၍ လွှတ်တော်ထဲတွင် ပြင်ရမည့်အချက်များကို တပ်မတော်အနေဖြင့် ကတိပေးပြီးဖြစ်ကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် လွှတ်တော်တွင် အထက်ပါအချက်များနှင့် ပတ်သက်၍ အဆိုပြုချက်များတင်သွင်းရာ၌ တပ်မတော်ကအပြည့်အဝထောက်ခံမည်ဟု ပြောပြီးဖြစ်ကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မိမိတို့ လုပ်ဆောင်ပေးရမည့်ကိစ္စများရှိကြောင်း၊ လုပ်ဆောင်ပေးရမည့် ကိစ္စများကို အတတ်နိုင်ဆုံးကြိုးစား၍ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးမည်ဟုပြောချင်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက်သော EAO အဖွဲ့များကို ပြောလိုသည်မှာ ယခုအချိန်သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဖြစ်သည်ဟု ပြောလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်မှုအာဏာနှင့် ပတ်သက်၍ တပ်မတော်ကအစိုးရဖြစ်ပြီး အခြေခံဥပဒေကိုကျော်လွန်၍ တရားဥပဒေကို ပြဋ္ဌာန်း၍မရကြောင်း၊ သို့သော် အချို့သော တရားဥပဒေပြဋ္ဌာန်းချက်များ ဆောင်ရွက်ချိန်တွင် ပုဒ်မ-၄၂၉ အရ ဆောင်ရွက်ခွင့်ရှိသည်မှာ တပ်မတော်သာဖြစ်ကြောင်း၊ တရားစီရင်ရေးတွင်လည်း ကိုယ်တိုင်သော်လည်းကောင်း၊ အပ်နှင်းထားသူကသော်လည်းကောင်း ဆောင်ရွက်ပေးနိုင်သည့်အခြေအနေများရှိကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် ငြိမ်းချမ်းရေးဆွေးနွေးရန် အကောင်းဆုံး အချိန်ဖြစ်ပြီး တစ်ဖွဲ့တည်းဖြင့် အပြီးအပြတ် ဆွေးနွေးနိုင်သည့်အချိန်၊ အာမခံချက်ပေးနိုင်သည့်အချိန်ဖြစ်ကြောင်း၊ ရန်စမှုများနှင့် ကြွေးကြော်မှုများကိုလည်း တွေ့ရကြောင်း၊ ထိုအချက်များမှာ ၎င်းတို့အယူအဆနှင့် ၎င်းတို့ဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် လက်နှစ်ဖက်ကို ကိုင်စွဲထားကြောင်း၊ တစ်ဖက်မှာ ၂၀၂၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးကို အဆင့်တစ်ခုအထိရအောင်လုပ်မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အမြဲတမ်း တံခါးဖွင့်ထားကြောင်း၊ ထိုအချက်နှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်များကို ထိခိုက်လာသည့် လုပ်ငန်းမှန်သမျှကို မိမိတို့အနေဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်ရှိသည်ဟု ပြောလိုကြောင်း။

ယခု လတ်တလောတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အစီအစဉ် မရှိသေးကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပထမဦးဆုံးတွေ့ဆုံမည့် အဖွဲ့အစည်းမှာ UEC ဖြစ်ကြောင်း၊ UEC အနေဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် ရေးဆွဲထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်ရှိကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲကို PR စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သော်လည်း PR စနစ်ကို အလုံးစုံပြုလုပ်မည်မဟုတ်ဘဲ ပြုလုပ်နိုင်မည့် လွှတ်တော်တစ်ရပ် သို့မဟုတ် နှစ်ရပ်ကိုသာ PR စနစ် ပြုလုပ်မည်ဖြစ်ကြောင်း၊ ရည်မှန်းထားသည်ကို ပြောခြင်းဖြစ်ကြောင်း၊ အားလုံးကို PR စနစ်လုပ်မည်မဟုတ်ကြောင်း၊ UEC နှင့်ဆွေးနွေးပြီး ယခုကိစ္စများပြီးစီးပါက နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် မဖြစ်မနေပြုလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များ ပြီးဆုံးသည့်အချိန်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သည့်အချိန်တွင် ဖြစ်စေ တွေ့ဆုံနိုင်လိမ့်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေး

မော်လမြိုင် ဩဂုတ် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်းသိရသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကဒါကျေးရွာအုပ်စု နွတ်လီကျေးရွာတွင် Mobile Financial Payment စနစ်ဖြင့် ကျေးရွာသူ ကျေးရွာသား ၄၅ ဦးထံသို့ နိုင်ငံတော်မှ မတည်ရန်ပုံငွေ ကျပ်သန်း ၃၀ အား Shwe Bank ဖြင့် ပူးပေါင်း၍ MoMoney Agent များမှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိရာ မော်လမြိုင်ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ကျိုက်မရောမြို့နယ် ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက အဆိုပါချေးငွေထုတ်ချေးပေးနေမှုအား ယနေ့ နံနက်ပိုင်းက ချေးငွေများအောင်မြင်စွာ ထုတ်ချေးနိုင်ရေးအတွက် ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်းသိရသည်။



အဆိုပါ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်စီမံကိန်းချေးငွေများအား ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကိုလက်လှမ်းမီနိုင်စေရန်၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများအား လျှော့ချနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခင်စန်းမြင့်(ခရိုင် ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃- ၈ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၃၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၃၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၃၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၃၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၈၆၅ ကျပ် | ၂၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၄၀ ကျပ် | ၂၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၉၀ ကျပ် | ၂၄၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၈၀ ကျပ် | ၂၅၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၈၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၀၄ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၁၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၀ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၇ . ၈၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၆ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၂၉၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၀၀၀ | ၆၀ | ၄၂၅၀၀၀ |
| MTSH | ၂၅၀၀ | ၂၄၅၀ | ၄၇၅၁ | ၁၁၄၉၉၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၅၈ | ၁၀၁၅၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀ | ၄၈၀၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၄၀ | ၉၈၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၃၀ စိုက်ပျိုးရေးရာအဖြေရှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ငေး' (အပိုင်း-၃၇)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၄+၁၅)
၁၆:၃၅ အသိပညာနှင့်အမှန်တရား
၁၇:၄၅ အဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ '(၃၀)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ပဋိပါနာစသံယဟော'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရန့် လွင့်ပျံ့အမှန်း' (အပိုင်း-၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၁၀ (၁၇)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ 'ဥဂ္ဂသေနဇာတ်တော်ကြီး' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)(ပထမပိုင်း)
၂၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၅)

mitv

07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
07:11 Myanmar Traditional Snacks: Sago with coconut milk
07:19 Crocodile Keeper
07:28 A Day in the Life of Pa-O Family
07:33 Myanmar Betels
07:49 Farming: Duck Breeder
08:01 Myanmar Bamboo Xylophone (or) Pattala
08:06 Sitagu International Buddhist Academy (Part-3)
08:25 Mogok, Ruby Land
08:41 A Worth Studying Site For Ancient Myanmar Heritages
09:01 News
09:26 Global Partnership for Brighter Future: Tazania Pavilion at Expo 2020 Dubai
09:35 Chef Life: Tun Tun
09:48 A Tea Business Pankwan (Part-2)

MRTV NRC

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၃)
ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
ချင်း (ချို့) (၀၈:၀၀ မှ ၀၉:၀၀) ချင်းပြည်နယ်၏အလှအပများ
မွန် (၀၉:၀၀ မှ ၁၁:၀၀) ဂဝံယဉ်ကျေးမှု
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ဝါးထဲကပိုး
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ပအိုဝ်းရိုးရာဝတ်စုံ
ဝ (၁၅:၀၀ မှ ၁၇:၀၀) ဝရိုးရာဝက်သားဆန်းပြုတ်ချက်နည်း
ကချင် (၁၇:၀၀ မှ ၁၉:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)
ကယား (၁၉:၀၀ မှ ၂၁:၀၀) ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀) ဒူးရင်းသီး
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ပြည်သူ့အကျိုးပြုထာဝစဉ်ရေးရှု
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
၀၇:၁၅ ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း
၀၇:၄၅ အပိုးမဖြတ်နိုင်သောမြန်မာ့ရွှေဖြူ
၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
၀၈:၅၅ ကျေးဇူးရှင်တောင်သူလယ်သမားများရဲ့ဘဝ
၀၉:၁၅ အပူပိုင်းဒေသတောင်သူအကျိုးမြင်းခြံစိုက်/သုမှုပုံပိုး

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/Sports Diary
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တောင့်ထား စာပေဗိမာန်

**တက္ကသိုလ်မြတ်သူ**

၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့က ကျွန်တော်၏ အသက် ၉၁ နှစ် ပြည့်သကဲ့သို့ စာပေဗိမာန်ကြီးလည်း ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် အသက် ၇၅ နှစ် တင်းတင်းပြည့်ပေတော့မည်။ ကျွန်တော်က စာပေဗိမာန်ထက် အသက် ၁၆ နှစ် ပိုကြီးသဖြင့် စာပေဗိမာန်ဟူသော အမည်မခံယူခင် (BTS–Burma Translation Society) မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး အမည်ခံယူထားစဉ်ကပင် ကျွန်တော်သိနေခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ကျောင်းသားဘဝမှာပင် ရှိနေ၍ စာပေဗိမာန်အမည် မမှည့်ရသေးမီ BTS ဘာသာပြန်စာပေအသင်းမှ ထုတ်ဝေသော ဘာသာပြန်စာအုပ်ကို ဖတ်ရှုလေ့လာနိုင်ခဲ့သည်။ မြို့မဆရာဟိန်၊ မြို့မဦးစံထွားတို့ ပြုစုသည့် လောကီထုပ္ပတ် လူတို့ဇာတ်ခေါ် ကမ္ဘာ့ရေးဟောင်း သမိုင်းစာအုပ်များကို ကျောင်းသင်သမိုင်းဘာသာရပ်၌ သင်ယူခဲ့ရသည်။ မြို့မဆရာဟိန်၊ မြို့မဦးစံထွားတို့သည် စာပေဗိမာန်၏ လက်ဦး ပညာရှင် စာရေးဆရာကြီးများ၊ စာပြုကြီးများ ဖြစ်ခဲ့သည်။

### ဟောပြောပွဲများ ရင်းနှီးကျွမ်းဝင်

၁၉၅၀ ပြည့်လွန်နှစ်များတွင် စာပေဗိမာန် အဆောက်အအုံမှာ ရန်ကုန်မြို့ ပြည်လမ်း (ဟံသာဝတီအဝိုင်း) ထိပ်တွင် ရှိသည်။ ထိုစဉ်က မြန်မာစာ၊ မြန်မာဂန္ထဝင်ဂီတ၊ မြန်မာ့သဘင်၊ မြန်မာ့ဆိုင်းပညာရပ်များကို အပတ်စဉ်ဟောပြောသော ဦးဂုမ္ဘာန်၏ ဟောပြောပွဲများကို မပြတ်နားထောင်ရင်း စာပေဗိမာန်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ယနေ့ စာပေဗိမာန်တည်ရာ ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်သို့မူ အကြောင်းအမျိုးမျိုးဖြင့် ကျွန်တော်ရောက်နေရပေသည်။

စာပေဗိမာန်တွင် ကျွန်တော် ရင်းရင်းနှီးနှီးမှတ်မိနေသူ စာပြု စာရေးဆရာကြီးများစွာ ရှိနေခဲ့သည်။ နတ်မောက်ဘုန်းကျော်သည် ကျွန်တော်နှင့် အလွန်ရင်းနှီးပြီး ကြုံတိုင်းစကားလက်ဆုံကျစမြဲ ဖြစ်သည်။ စာတည်း၊ စာပြုပညာရှင် ဦးသာညွန့် (ကလောင်အမည် တက္ကသိုလ်ညွန့်ဦး) သည် ၁၉၅၈ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလများက အာရှ – အာဖရိက စာရေးဆရာညီလာခံတက်ရန် ဆိုဗီယက်ပြည်ထောင်စုသို့ အတူသွားရောက်ခဲ့ပြီး ညီလာခံအပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌ ဆရာကြီးမော်တွန်း၏ ဖိတ်ကြားချက်အရ ဦးသာညွန့်၊ မန္တလေးမှ ဆရာကြည်မြတ်တို့နှင့်အတူ ကျွန်တော်သည် တရုတ်ပြည်သို့ တစ်လနီးပါး ဆက်လက်သွားရောက်လေ့လာခဲ့သည်။ ဦးသာညွန့်သည် ဥပဒေ (ဝိဇ္ဇာဘွဲ့) ရထားသူဖြစ်၍ တရားရေးဌာန၊ ဥပဒေပြုရေးတာဝန်များ ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပေသည်။ ထိုစဉ်က စာတည်း ဦးကျော်လင်းသည် မီးပုံးပျံ ဦးကျော်ရင်၏ သားကြီး ကာတွန်းဦးကျော်ဆန်း (ကဆ) ၏ အစ်ကိုဖြစ်၍ ကျွန်တော်နှင့် ရင်းနှီးခဲ့ရသည်။

### ယနေ့တိုင် လက်စွဲစာစောင်များ ဖြစ်နေ

ထိုစာတည်း၊ စာပြုပညာရှင်များ တာဝန်ယူစဉ်ကပင် မြန်မာ စွယ်စုံကျမ်းကြီး ၁၅ တွဲကို ရေးသားပြုစုထုတ်ဝေနိုင်ခဲ့ပေသည်။ နိုင်ငံအတွက် ကြီးစွာသော အကျိုးပြုလုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ နောင်နှစ်စဉ် စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ (ယနေ့တိုင်) ထုတ်ဝေပေးနေခြင်းသည်လည်း စာဖတ်ပြည်သူတို့အား ကြီးစွာသော သတင်းအသိပွံ့ပိုးမှု ဖြစ်သည်။ လူထုသိပ္ပံ စာစဉ်အုပ်တွဲများ၊ နှစ်ငါးဆယ်ရေးရာ (ယဉ်ကျေးမှု) အုပ်တွဲများ၊ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ အုပ်တွဲများသည် ယနေ့တိုင် ကိုယ်ပိုင်စာအုပ်စင်များ၊ စာကြည့်တိုက်များတွင် ရှိနေရမည့်စာအုပ်များ ဖြစ်သည်။ ပြည်သူ့လက်စွဲစာစဉ်များကိုလည်း ဆက်တိုက်ထုတ်ဝေလာသည်။ ကလေးသူငယ်များအတွက် ရွှေသွေးရုပ်ပြစာစောင်သည် ယနေ့တိုင် ကလေးတို့လက်စွဲ စာစောင်များ ဖြစ်နေပေသည်။

စာပေဗိမာန်စာမူပြိုင်ပွဲများ နှစ်စဉ် ကျင်းပပေးကာ ထိုက်သင့်ရာရာဆုများ ရွေးချယ်ချီးမြှင့်ခြင်းဖြင့် မြန်မာစာပေဇာတ်ခုံပေါ်သို့ စာရေးဆရာများ တန်းစီ စင်တင်ပေးနေသည်။ စာပေဗိမာန်က ကျပ်တစ်ထောင် (ထိုစဉ်က ကျပ် ၁၀၀၀ ဆိုသည်မှာ ရွှေ လေးငါးကျပ်သားဝယ်၍ ရလောက်ပေသည်။) တန်ဝတ္ထုရှည် ပထမဆုံးဆုကို ဆရာမင်းအောင်ရေးသော မိုးအောက်မြေပြင်ဝတ္ထုက ရရှိခဲ့သည်။ ထိုဆုများမှ စတင်အားယူပြီး စာပေပညာရှင်ကြီးများက စိစစ်ရွေးချယ်ပေးသော အမျိုးသားစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာနအတွက် (နိုင်ငံတော်အတွက်) စာပေဗိမာန်ကပင် အစအဆုံး တာဝန်ယူပေးထားပေသည်။

ကျွန်တော်တို့လို စာအုပ်စုဆောင်း၊ ဖတ်ရှု၊ ဆည်းပူးလိုသူများ အတွက်လည်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်က အားကိုးအားထား ပြုလောက်ပေသည်။ စာပေဗိမာန်စာကြည့်တိုက်ကိုလည်း စနစ်တကျ ဖွင့်ပေးထားသည်။ လုံးဝအနားမနေသော ဌာနတစ်ခု ဖြစ်သည်။ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့် (ဝန်ကြီးများရုံးနှင့် မျက်နှာချင်းဆိုင်) မှ အဆောက်အအုံနီနီကြီးသည် ကိုလိုနီခေတ်ကတည်းက တည်ရှိခဲ့သည့် အစိုးရဗဟိုပုံနှိပ်တိုက် ဖြစ်သည်။

> **“ ကျွန်တော်တို့လို စာအုပ်စုဆောင်း၊ ဖတ်ရှု၊ ဆည်းပူးလိုသူများအတွက်လည်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်က အားကိုးအားထား ပြုလောက်ပေသည်။ စာပေဗိမာန်စာကြည့်တိုက်ကိုလည်း စနစ်တကျ ဖွင့်ပေးထားသည်။ လုံးဝအနားမနေသော ဌာနတစ်ခု ဖြစ်သည်။ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့် (ဝန်ကြီးများရုံးနှင့် မျက်နှာချင်းဆိုင်) မှ အဆောက်အအုံနီနီကြီးသည် ကိုလိုနီခေတ်ကတည်းက တည်ရှိခဲ့သည့် အစိုးရဗဟိုပုံနှိပ်တိုက် ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရ ဗဟိုပုံနှိပ်တိုက် ဖြစ်လာခဲ့သည်။ ခေတ်ဟောင်းကာလတွင် မြန်မာဂန္ထဝင်စာပေစာအုပ်များ၊ ဓမ္မသတ်ကျမ်းများ (ကင်းဝန်မင်းကြီး၏ ဓမ္မသတ် ၃၇ စောင်တွဲ) နှင့် ဦးကျော်ဒွန်း KSM က စီစဉ်ပြုစုသော မြန်မာစာညွန့်ပေါင်းကျမ်းကြီးများ ထုတ်ဝေခဲ့သည် ”**

လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရ ဗဟိုပုံနှိပ်တိုက် ဖြစ်လာခဲ့သည်။ ခေတ်ဟောင်းကာလတွင် မြန်မာဂန္ထဝင်စာပေစာအုပ်များ၊ ဓမ္မသတ်ကျမ်းများ (ကင်းဝန်မင်းကြီး၏ ဓမ္မသတ် ၃၇ စောင်တွဲ) နှင့် ဦးကျော်ဒွန်း KSM က စီစဉ်ပြုစုသော မြန်မာစာညွန့်ပေါင်းကျမ်းကြီးများ ထုတ်ဝေခဲ့သည်။ အစိုးရပြန်တမ်းများကိုလည်း ပုံမှန်ထုတ်ဝေခဲ့သည်။ ယခုအခါ စာပေဗိမာန်နှင့် ဗဟိုပုံနှိပ်တိုက်တို့ ပူးပေါင်းထားသဖြင့် စာပေဗိမာန်သည် အလုံးအဖန် ပိုမိုကြီးထွားလာပေသည်။

### နှစ်စဉ်လိုလို ကျင်းပခဲ့

ရှေးက စာပေဗိမာန် စာတည်းကြီးများတွင် ဆရာကြီး ဒဂုန်ရွှေမျှားလည်း ပါဝင်ခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် စာပေဗိမာန်ကို ဦးစီးဦးကိုင်ပြုရန် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) ရောက်လာ၏။ ဦးထင်ကြီးသည် အမေရိကန်မှ သတင်းစာပညာ မဟာဘွဲ့ယူလာသူဖြစ်ပြီး လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ကျွန်တော်နှင့်တွဲပြီး တာဝန်ထမ်းခဲ့ဖူးသည်။ ဦးထင်ကြီးသည် ဝါသနာအရ၊ ကျွမ်းကျင်မှုအရ မြန်မာသတင်းစာများသမိုင်းကို ပြန်လှန်တော့သည်။ စာနယ်ဇင်းတို့၏ ခေတ်သမိုင်းကို စုဆောင်းပြုစုသည်။ စာအုပ်စာတမ်းများ ထုတ်ဝေခဲ့သည်။ စာပေနှီးနှောဖလှယ်ပွဲ၊ စာတမ်းဖတ်ပွဲများ နှစ်စဉ်လိုလို ကျင်းပခဲ့သည်။

နောက်ပိုင်း စာပေဗိမာန် စာတည်းများ၊ စာပြု စသည့်အရာရှိများတွင်လည်း လုပ်ငန်းအရ၊ စာပေရေးဖော်ရေးဖက်အရ ရင်းနှီးသူများစွာ ရှိခဲ့သည်။ ယင်းတို့တွင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးမောင်လှိုင် (မောင်ဆွေငယ်)၊ ဒေါ်တင်အေးကြည် (မန္တလေးတက္ကသိုလ်တွင် ကျောင်းနေဖက်)၊ မုံရွာဝင်းဖေ၊ မနှင်းဖွေး၊ ညွန့်ဟံ (ကြူတော)၊ ချိုမြနွယ်၊ စိုးမြင့်သန်းတို့ ဖြစ်ကြသည်။

ကျွန်တော်သည် စာပေဗိမာန် စာပေနှီးနှောဖလှယ်ပွဲ၊ စာတမ်းဖတ်ပွဲများစွာ တက်ရောက်ခဲ့သည်။ စာအုပ်များ၊ မှတ်တမ်းများ ဝယ်သိမ်းခဲ့သည်။ စာအုပ်များတွင် မြန်မာစာပေ စာစုစာရင်းစာအုပ်၊ မြန်မာဘာသာစကားစာစုစာရင်း၊ မြန်မာနိုင်ငံ သတင်းစာများအညွှန်း (တက္ကသိုလ်ထင်ကြီး)၊ စာနယ်ဇင်းသမိုင်း စာတမ်းများ၊ စာပေဗိမာန် စာတမ်းများ တစေ့တစောင်း (ယမင်း)၊ ၁၉၇၅ ခုနှစ် မြန်မာစာနယ်ဇင်း သမိုင်း ဟောပြောပွဲစာတမ်းများ၊ စာအုပ်စာပေ ဟောပြောပွဲစာတမ်းများ၊ စာအုပ်စာပေစာတမ်းများ၊ ဘာသာပြန်ရည်ညွှန်းစာအုပ်များ (ပ၊ ဒု၊ တ၊ စ)၊ လူ့ မိတ်ဆွေစာအုပ် (မန္တလေး) တို့ ပါဝင်သည်။

တစ်ချိန်က ထုတ်ဝေခဲ့သော စာပေဗိမာန်မဂ္ဂဇင်းသည် ပြည့်စုံကောင်းမွန်ခဲ့သည်။ သုတစာစောင်များလည်း ပုံမှန်ထုတ်ဝေခဲ့သည်။ စာပေစာတမ်းဖတ်ပွဲများ (စာပေနှီးနှောဖလှယ်ပွဲ) များကိုလည်း စာပေဗိမာန်က နှစ်စဉ်လိုလို ကျင်းပခဲ့ရာ သက်ဆိုင်ရာဘာသာရပ်အကြောင်းအရာ၌ နှံ့စပ်သိရှိသူ စာပေပညာရှင်များ တင်သွင်းဖတ်ကြားကြ၊ ပရိသတ်ထဲမှ ထ၍ ဆွေးနွေးကြနှင့် ပွဲစည်ခဲ့သည်။ ကျွန်တော် မှတ်မိသရွေ့ စာပေနှီးနှောဖလှယ်ပွဲများကို ကျွန်တော့် လက်ဝယ်ရှိ စာအုပ်စာတမ်း အထောက်အထားအရ တင်ပြပါမည်။ သိပ္ပံစာပေ နှီးနှောဖလှယ်ပွဲ (၁၉၆၇၊ ဖေဖော်ဝါရီ)၊ ဘာသာပြန်စာပေ နှီးနှောဖလှယ်ပွဲ (၁၉၆၉၊ စက်တင်ဘာ)၊ ပြဇာတ်နှင့် ပြဇာတ်စာပေ နှီးနှောဖလှယ်ပွဲ (၁၉၇၀၊ စက်တင်ဘာ)၊ ကလေးလူငယ် စာပေနှီးနှောဖလှယ်ပွဲ (၁၉၇၃၊ စက်တင်ဘာ)၊ သုတစာပေစာတမ်းဖတ်ပွဲ (၁၉၇၇၊ ဇန်နဝါရီ)၊ ဝတ္ထုတို စာတမ်းဖတ်ပွဲ (၁၉၇၈၊ မတ်)၊ ခရီးသွားစာပေ စာတမ်းဖတ်ပွဲ (၁၉၇၉၊ မတ်)၊ ဝတ္ထုရှည် စာတမ်းဖတ်ပွဲ (၁၉၇၉၊ ဒီဇင်ဘာ)၊ မြန်မာကဗျာ စာတမ်းဖတ်ပွဲ (၁၉၈၁၊ ဖေဖော်ဝါရီ)၊ မြန်မာရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ (၁၉၈၄၊ ဇန်နဝါရီ)၊ စာတမ်းငယ် စာပေ စာတမ်းဖတ်ပွဲ (၁၉၈၆၊ မတ်)၊ ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ (၁၉၈၇၊ မတ်) ဇာတိမာန်စာပေ စာတမ်းဖတ်ပွဲ (၁၉၉၂၊ ဇန်နဝါရီ) တို့ ဖြစ်သည်။

ကျွန်တော် လက်လှမ်းမမီသော စာတမ်းဖတ်ပွဲများစွာ ကျန်နေပါလိမ့်မည်။ စာပေဗိမာန်၏ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသော စာပေနှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကား လက်ဖျားခါလောက်ပေသည်။

### တွေ့ဆုံညှိနှိုင်း ရေးဆွဲခဲ့

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် စာပေအဖွဲ့အစည်းများ အစိတ်မက ကွဲပြားနေသည်ကို စုစည်းညီညွတ်သော စာပေစာနယ်ဇင်းအဖွဲ့ကြီးတစ်ခု ထပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ စာပေလုပ်သားဖြစ်မြောက်ရေးအတွက် အဖွဲ့စည်းမျဉ်းကို ပါတီဌာနချုပ်မှာပင် ၁၉၇၅ ခုနှစ် နှစ်ဆန်းမှစ၍ ပါတီမှတာဝန်ရှိ ဌာနကြီးမှူးများဖြစ်သော ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီး မောင်လွင်၊ ဗိုလ်ချုပ်သောင်းဒန်၊ ဒုဗိုလ်မှူးကြီးတင်ထွန်း (လေ)၊ ဗိုလ် ရဲထွဋ်၊ ဦးစောဦး၊ ဗိုလ်သိန်းတန်၊ သခင်တင်မြ၊ ဗိုလ်မှူးခင်မောင်ဦးနှင့် ပြင်ပမှ ဆရာတက်တိုး၊ ဆရာ မန်းတင်၊ ဦးလှမြိုင်၊ ဆရာမောင်ထင်၊ တက္ကသိုလ်မြတ်သူတို့ တွေ့ဆုံညှိနှိုင်း ရေးဆွဲခဲ့သည်။

၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလကုန်ရက်တွင် ဥက္ကဋ္ဌအဖြစ် ဆရာ မင်းသုဝဏ်၊ အတွင်းရေးမှူးအဖြစ် တက္ကသိုလ် ထင်ကြီး၊ အဖွဲ့ဝင်များအဖြစ် ဆရာကြီး ဦးဉာဏ၊ ဆရာတက်တိုး၊ ဆရာမောင်ထင်၊ လူထု ဦးလှ၊ ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ တက္ကသိုလ် မောင်ထွန်းဝေ၊ တက္ကသိုလ်မြတ်သူ၊ ပန်းချီဦးဘကြည်၊ မင်းကျော်၊ ကိုကို၊ ဦးလှမြိုင်(ကိုဆောင်း) တို့ပါဝင်သော ပြည်ထောင်စုစာပေလုပ်သားဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းကြသည်။ ထိုမှစ၍ ကျွန်တော်တို့ စာပေလုပ်သားဖြစ်မြောက်ရေးကော်မတီ (နောင် ၁၉၇၃ ခုနှစ်တွင် ပြန်ဖွဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့စည်းရုံးရေးကော်မတီ) တို့၏ ရုံးစိုက်ရာနှင့် အစည်းအဝေးကျင်းပရာ နေရာသည် ကုန်သည်လမ်းမှ လက်ရှိ စာပေဗိမာန်၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး၏ ရုံးခန်းမှာပင်ဖြစ်ရာ စာပေဗိမာန်သို့ ကျွန်တော့်မှာ အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်လာခဲ့သည်။

### သတင်းစာပညာသင်တန်းများ ဖွင့်

၁၉၈၀ ပြည့်နှစ်မှစ၍ စာပေလုပ်သားအဖွဲ့ကြီးကို စာပေစာနယ်ဇင်းအဖွဲ့အဖြစ် ညီလာခံကျင်းပ ဖွဲ့စည်းပြီးသည့်နောက်တွင်လည်း ယင်းအဖွဲ့ကြီးသည် စာပေဗိမာန်အဆောက်အအုံမှာပင် အခြေချလာခဲ့သည်။ ထိုစဉ်က သတင်းစာပညာသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ကျွန်တော် ဆွေးနွေးဟောပြော ပို့ချခဲ့ရသည်။

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျွန်တော့်ကို ပြန်ကြားရေးဝန်ကြီးဌာနက အကြံပေး တာဝန်ယူစေခဲ့ရာ

*စာမျက်နှာ ၂၁ သို့*

# အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အရင်းအနှီးဈေးကွက်သို့ ဝင်ရောက်ကြသည့်ပုံစံများ

ပြည့်ဖြိုးအောင်
(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

*(ယမန်နေ့မှ အဆက်)*

**(ခ) ကုမ္ပဏီသည် ထုတ်ဝေထားပြီးဖြစ်သည့် လက်ရှိအစုရှယ်ယာများကိုသာ အစုရှယ်ယာရှင်များနှင့် အများပြည်သူတို့အကြား အလွယ်တကူ အရောင်းအဝယ်ပြုလုပ်နိုင်စေရန်အတွက် စတော့အိပ်ချိန်း၌ စာရင်းဝင်ခြင်း**

စတော့အိပ်ချိန်း၌ စာရင်းဝင်ခြင်းဆိုသည်မှာ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီသည် အစုရှယ်ယာအသစ်များကို ထုတ်ဝေကမ်းလှမ်းရောင်းချခြင်း မဟုတ်ဘဲ ကုမ္ပဏီမှ ယခင် ထုတ်ဝေရောင်းချထားခဲ့ပြီးဖြစ်သည့်အစုရှယ်ယာများကို ဈေးကွက်အတွင်း စတော့အိပ်ချိန်းမှ တစ်ဆင့် ယင်းကုမ္ပဏီ၏ လက်ရှိအစုရှယ်ယာရှင်များအပါအဝင် အများပြည်သူတို့အကြား ယုံကြည်စိတ်ချစွာဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဈေးကွက်ပေါက်ဈေးဖြင့် နေ့စဉ်အလွယ်တကူ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်စေရန်အလို့ငှာ ဈေးကွက်သို့ ဝင်ရောက်ခြင်းသာ ဖြစ်ပါသည်။

အဆိုပါပုံစံသည် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်းဟုဆိုရသော် မိမိတို့နိုင်ငံတွင် အစုရှယ်ယာဈေးကွက်မပေါ်ပေါက်ခင် ကာလများစွာကတည်းကပင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ အစုရှယ်ယာများ ထုတ်ဝေကမ်းလှမ်းရောင်းချခြင်း အလေ့အထများ ရှိခဲ့၍ပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ စာရင်းဝင်ရန်အတွက် စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းဝင်ခြင်းဆိုင်ရာ ဖွင့်ဟကြေညာချက် (DDL – Disclosure Document for Listing) တစ်စောင်နှင့်အတူ အခြားလိုအပ်ချက်များဖြစ်သည့် စာရင်းဝင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ဖြည့်ဆည်းတင်ပြရမည် ဖြစ်ပါသည်။ DDL ဆိုသည်မှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအား အစုရှယ်ယာဈေးကွက်သို့ ဝင်ရောက်နိုင်ရန် လက်ရှိအနေအထားနှင့်ကိုက်ညီအောင် သတ်မှတ်ပေးထားခြင်းဖြစ်၍ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့် အလားသဏ္ဌာန်တူညီပါသည်။

တင်ပြလာသည့် စာရွက်စာတမ်းများအပေါ် မူတည်၍ စတော့အိပ်ချိန်းမှ စာရင်းဝင်စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကိုစိစစ်ပြီး စာရင်းဝင်ခွင့်ပြုပါသည်။ စာရင်းဝင်ခွင့်ပြုချက်ရရှိပြီးသည်နှင့် မိမိတို့ကုမ္ပဏီမှ ထုတ်ဝေထားပြီးဖြစ်သည့် အစုရှယ်ယာလက်မှတ်များအား အီလက်ထရွန်နစ်နည်းလမ်းဖြင့် မှတ်တမ်းတင်ဆောင်ရွက်သည့် လုပ်ငန်းစဉ် (Dematerialization Process) ကို အသုံးပြု၍ စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအကြား အလွယ်တကူ လွှဲပြောင်းရောင်းချခြင်းများကို ပြုလုပ်နိုင်စေရန် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ဆက်သွယ်ပြီး တရားဝင်မှတ်တမ်းတင်မှုကို လုပ်ဆောင်ရပါသည်။

**ကော်မရှင်မှ အလားအလာညွှန်းတမ်းကို စိစစ်အတည်ပြုချက်ပေးသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီး စတော့အိပ်ချိန်းသည် စာရင်းဝင်စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို စိစစ်ပါသည်။ TMH Telecom Public Co., Ltd. (TMH) သည် အများပြည်သူသို့ အစုရှယ်ယာအသစ်များကို ထုတ်ဝေ ကမ်းလှမ်းရောင်းချခြင်းနှင့်အတူ စတော့အိပ်ချိန်းသို့ စာရင်းဝင်ခြင်းကို ပြုလုပ်ခဲ့သည့်ပထမဦးဆုံး ကုမ္ပဏီတစ်ခုဖြစ်ပါသည်။**

ကုမ္ပဏီ၏ အစုရှယ်ယာရှင် အရေအတွက် အနည်း၊ အများပေါ်မူတည်၍ နှစ်ပတ် (သို့မဟုတ်) သုံးပတ်ခန့် ကြာမြင့်တတ်ပါသည်။ First Myanmar Investment Public Co., Ltd. (FMI)၊ Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH)၊ Myanmar Citizens Bank Ltd. (MCB)၊ First Private Bank Ltd. (FPB)၊ Ever Flow River Group Public Co., Ltd. (EFR) နှင့် Amata Holdings Public Co., Ltd. (AMATA) တို့သည် ယခင်ကပင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအဖြစ် တည်ထောင်ထားခဲ့ပြီး အစုရှယ်ယာများ ထုတ်ဝေကမ်းလှမ်းရောင်းချထားခဲ့ကြပါသည်။ ယခုအခါ ယင်းတို့၏ အစုရှယ်ယာရှင်များနှင့် အများပြည်သူအပါအဝင် ရင်းနှီးမြှုပ်နှံသူတို့အကြား ယခင်ထုတ်ဝေထားခဲ့ပြီးဖြစ်သည့် အစုရှယ်ယာများကို အလွယ်တကူ အရောင်းအဝယ်ပြုလုပ်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ထိုကဲ့သို့သောပုံစံကို အသုံးပြုကာ စတော့အိပ်ချိန်း၌ စာရင်းဝင်ရောက်ခဲ့ကြခြင်းဖြင့် ဈေးကွက်ထဲသို့ ရောက်ရှိလာခဲ့ကြပါသည်။

**(ဂ) အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမှုပြုလုပ်ခြင်းနှင့်အတူ စတော့အိပ်ချိန်း၌ တစ်ပြိုင်နက်စာရင်းဝင်ခြင်း**

တတိယပုံစံတစ်ခုမှာ ပုံမှန်အားဖြင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတကာအရင်းအနှီးဈေးကွက်များတွင် အလေ့အထဖြစ်လျက်ရှိသည့် ပုံစံတစ်ခု ဖြစ်ပါသည်။ ယင်းမှာ အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်း ရောင်းချခြင်းနှင့်အတူ စတော့အိပ်ချိန်းသို့ စာရင်းဝင်ခြင်း (Listing with IPO) ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင် ထိုကဲ့သို့ပြုလုပ်မည်ဆိုပါက ကုမ္ပဏီသည် အထက်ပါအတိုင်း အလားအလာညွှန်းတမ်း (Prospectus) အား ကော်မရှင်သို့ တင်ပြရပြီး အလားအလာညွှန်းတမ်းနှင့်အတူ အခြားလိုအပ်သည့်စာရွက်စာတမ်းများကိုမူ စတော့အိပ်ချိန်းသို့ တင်ပြရပါသည်။

ကော်မရှင်မှ အလားအလာညွှန်းတမ်းကို စိစစ်အတည်ပြုချက်ပေးသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီး စတော့အိပ်ချိန်းသည် စာရင်းဝင်စံ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိကို စိစစ်ပါသည်။ TMH Telecom Public Co., Ltd. (TMH) သည် အများပြည်သူသို့ အစုရှယ်ယာအသစ်များကို ထုတ်ဝေကမ်းလှမ်းရောင်းချခြင်းနှင့်အတူ စတော့အိပ်ချိန်းသို့ စာရင်းဝင်ခြင်းကို ပြုလုပ်ခဲ့သည့်ပထမဦးဆုံး ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယင်းကုမ္ပဏီသည် ၂၀၀၇ ခုနှစ်တွင် ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဈေးကွက်သို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကော်မရှင် (SECM) က (၇-၄-၂၀၁၆) ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၅/၂၀၁၆) ဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာအသစ်များအား အများပြည်သူသို့ ထုတ်ဝေကမ်းလှမ်းရောင်းချရာတွင် အသုံးပြုရမည့် အလားအလာညွှန်းတမ်းပုံစံများကို ထုတ်ပြန်ထားပါသည်။ အလားအလာညွှန်းတမ်းပုံစံကို ပုံစံ (က)နှင့် ပုံစံ(ခ) ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။ လူဦးရေ ၁၀၀ အောက် လျော့နည်းပြီး ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာတန်ဖိုးပမာဏကျပ်သန်း ၅၀၀ ထက်နည်း၍ အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမည်ဆိုလျှင် ပုံစံ (က) ကို အသုံးပြု၍ ကော်မရှင်သို့ တင်ပြရပါသည်။

လူဦးရေ ၁၀၀ အောက်လျော့နည်းပြီး ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာတန်ဖိုးသည် ပမာဏကျပ်သန်း ၅၀၀ ထက်ကျော်၍ အများပြည်သူသို့ ကမ်းလှမ်းရောင်းချမည်ဆိုလျှင်သော်လည်းကောင်း၊ လူဦးရေ ၁၀၀ ထက်ကျော်ပြီး ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာတန်ဖိုးသည် ပမာဏကျပ်သန်း ၅၀၀ ထက်နည်း၍ အများပြည်သူသို့ ကမ်းလှမ်းရောင်းချမည်ဆိုလျှင်သော်လည်းကောင်း၊ လူဦးရေ ၁၀၀ ကျော်နှင့် ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာတန်ဖိုးပမာဏကျပ်သန်း ၅၀၀ ထက်ကျော်လွန်၍ အများပြည်သူသို့ ကမ်းလှမ်းရောင်းချမည်ဆိုလျှင်သော်လည်းကောင်း ပုံစံ(ခ) ကို အသုံးပြု၍ အလားအလာညွှန်းတမ်းကို ပြင်ဆင်၍ ကော်မရှင်သို့ တင်ပြရပါသည်။ အထက်ဖော်ပြပါ ကုမ္ပဏီများသည် အလားအလာ ညွှန်းတမ်းပုံစံ (ခ) ကို အသုံးပြုခဲ့ကြပြီး ပုံစံ (က) ကို အသုံးပြုထားသည့် ကုမ္ပဏီမရှိသေးပေ။

နိဂုံးအားဖြင့်ဆိုသော် မိမိတို့နိုင်ငံရှိ အစုရှယ်ယာဈေးကွက်သို့ ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီ သုံးခု၊ ၂၀၁၇ ခုနှစ်တွင် ကုမ္ပဏီ တစ်ခု၊ ၂၀၁၈ ခုနှစ်တွင် ကုမ္ပဏီ တစ်ခု၊ ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီတစ်ခုနှင့် ၂၀၂၁ ခုနှစ်တွင် ကုမ္ပဏီတစ်ခု စုစုပေါင်း ခုနစ်ခု ဝင်ရောက်လာခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ အခန်းကဏ္ဍသည်အရေးပါကြောင်းနှင့် အထက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြု၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ရည်ညွှန်း** – www.secm.gov.mm
www.dica.gov.mm
www.ysx-mm.com

---

*စာမျက်နှာ ၂၀ မှ*

စာပေဗိမာန်နှင့် ကျွန်တော်လည်း ရေစက်မကုန်ခဲ့ပေ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် နိုင်ငံရေးစာပေဆုအတွက် စိစစ်ရွေးချယ်ရန် ကျွန်တော့်အား ၂၀၁၂-၁၃ မှစ၍ တာဝန်ပေးပြန်ရာ စာပေဗိမာန်ပေါ်မှာပင် ကျွန်တော်တို့ အခြေချစည်းဝေးကြ၊ စိစစ်ကြ၊ ရွေးချယ်ကြနှင့် ၂၀၁၅ ခု နှစ်ကုန်သည်အထိ ဆောင်ရွက်ခဲ့သည်။

မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ပွားစည်းရေး တာဝန်များကို တာဝန်ယူ ဆောင်ရွက်ခဲ့သော စာပေဗိမာန်သည် ယခု ၇၅ နှစ်အရွယ် ရောက်ပေပြီ။ မြန်မာ့ လူ့သက်တမ်းအရမူ ဇရာအရွယ် ဖြစ်သည်။ ယခင်က ပညာသင်ရ၊ လုပ်ငန်းခွင်ဝင်ရ၊ အိမ်ထောင်ပြုရဖြင့် လူ့လောကသို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရသောအရွယ် (အသက်လေးဆယ်မှစ၍ လူ့ဘဝစတင်သူ– Life begin at Forty) ဟူ၍ ကြွေးကြော်ခဲ့ကြသည်။

၁၉၇၃ ခုနှစ် ဇူလိုင်လက ပိုလန်နိုင်ငံသို့ ရက်သတ္တနှစ်ပတ် သွားရောက်လေ့လာခဲ့သည့် မြန်မာသတင်းစာဆရာ ငါးဦးတွင် ကျွန်တော်လည်း ပါဝင်ခဲ့သည်။ အသွားခရီး၌ အီတလီနိုင်ငံ ရောမမြို့မှ ပိုလန်နိုင်ငံ ဝါဆောသို့အသွား ဩစတြီးယားနိုင်ငံ ဗီယင်နာလေဆိပ်၌ နှစ်နာရီရပ်နားခဲ့သည်။ ထိုစဉ် ဆိုက်ရောက်လာသည့် လေယာဉ်စင်းလုံးပြည့်ပါလာသော အမေရိကန် အဘိုးကြီး၊ အဘွားကြီး စုံတွဲများမှာ မြူးပျော်ပြီး လန်းဆန်းတက်ကြွစွာ လေဆိပ်ထဲ ဝင်လာကြသည်။ ကျွန်တော့်ဘေးတွင်ထိုင်သော အဘိုးကြီး၊ အဘွားကြီး စုံတွဲအချို့ကို စကားစပ်မိပြီး မေးကြည့်မှ အမေရိကန် ပင်စင်ရိပ်သာ၌ နေကြသော စုံတွဲများ အပျော်ခရီးထွက်လာသည်ဟု ပြောကြသည်။ သို့ဖြင့် သူတို့ကို ကျွန်တော်က မနေနိုင်မထိုင်နိုင် မြန်မာနိုင်ငံမှာဆိုလျှင် ဤ ၇၀ ကျော်အရွယ် ဘိုးဘွားများသည် တရားခမ္မ၌ ပျော်မွေ့နေကြပြီဟု ပြောလိုက်မိသည်။ ထိုအခါ အဘွားကြီး တစ်ဦးက “ဟဲ့.. သူငယ်ရဲ့၊ တို့မှာ ပင်စင်ယူချိန်ရောက်မှ အားလပ်ကြတာလေ၊ မင်း မှတ်ထားကွဲ့၊ Life begin at Seventy အသက် ၇၀ မှ လူ့ဘဝ စတာ” ဟု ပြောပါသည်။ ထိုအမြင်အရဆိုလျှင် စာပေဗိမာန်သည် ယခုမှ ဘဝအစဟု ဆိုလိုက်ပါရစေ။ တောင့်ထား စာပေဗိမာန်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဧပြီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၈၇၆။ | ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ-ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး၊ (သား)ဦးအေးချမ်း(သမီး)ဒေါက်တာသီတာအေး၊ (သမီး)ဒေါက်တာရည်မွန်အေးမိသားစု (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၈၇၇။ | သီရိပျံချီ ဗိုလ်ချုပ် တင်ထွတ်(ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်ညွှန့် သား၊ သမီး၊ မြေးများကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
| ၂၈၇၈။ | စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၄)မိသားစုများ (ကျောက်စာရုံစေတီ-၁ ဆူ တတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၉၀၀၀၀၀ |
| ၂၈၇၉။ | ပြည်သူ့စစ်နှင့်နယ်ခြား တပ်များညွှန်ကြားရေးမှူးရုံးနှင့်ကွပ်ကဲမှုအောက်ပြည်သူ့စစ်(၅၁နေ)အဖွဲ့များနှင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မိသားစု (ကျောက်စာရုံ- ၁ ဆူ၊ မဟာရံတံတိုင်းထောင့်တိုင်-၂ တိုင်၊ လမ်းမီးတိုင်- ၃ တိုင်၊ စကျင်ကျောက်ပြား- ၇ ကျင်း လှူဒါန်း) | နေပြည်တော် | ၃၇၁၉၀၀၀၀ |
| ၂၈၈၀။ | နှစ်ဖက်မိဘများအား အမှူးထား၍ ဗိုလ်မှူးကြီး ကျော်လင်း(ငြိမ်း)နှင့် ဇနီး ဒေါ်သီသီနွဲ့ (သမီး)မမေမြတ်ကျော် မိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၈၈၁။ | ကွယ်လွန်ပြီးကြသော နှစ်ဖက်မိဘများအားရည်စူး၍ ဦးခင်မောင်ကြီးနှင့်ဇနီးဒေါ်ကြည်ကြည် (သား)ဦးနေမျိုးအောင် မိသားစုကောင်းမှု(ကျောက်စာရုံစေတီ-၁ ဆူပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၈၈၂။ | ကွယ်လွန်သူဖခင်ကြီး ဦးသိန်းမောင်၊ မိခင်ကြီး ဒေါ်စောညွန့်၊ ခင်ပွန်း ဗိုလ်မှူးကျော်လှ၊ သား ဦးအောင်နိုင်ဦးအား ရည်စူး၍ ဒေါ်အုန်းမြင့်ကောင်းမှု (ကျောက်စာရုံ-၁ ဆူ၊ လမ်းမီးတိုင်-၂၂ တိုင် လှူဒါန်း) | ရန်ကုန်မြို့ | ၅၀၀၀၀၀၀၀ |
| ၂၈၈၃။ | ဒေါ်မြကျင် မိသားစု (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ဓနုဖြူမြို့ | ၁၀၀၀၀၀၀ |
| ၂၈၈၄။ | ဦးစိန်မြင့်+ဒေါ်မြင့်မြင့်ခင် (သမီး)မရွှေဇင်မြင့်(သား)ဒုတိယဗိုလ်မှူးကြီးသိန်းဇေမြင့်+ဒေါ်ယဉ်မွန်သွယ် (သမီး)မသဇင်မြင့်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် မြေးများ(စိန်သရဖူရွှေဆိုင်မိသားစု) (လမ်းမီးတိုင်-၁ တိုင်လှူဒါန်း) | ပုသိမ်မြို့ | ၁၀၀၀၀၀၀ |
| ၂၈၈၅။ | ကွယ်လွန်သူဖခင်ကြီး ဦးဝင်းကြည်နှင့် (သားကြီး)ဦးထူးအောင်ကြည်အားရည်စူး၍ မိခင်ကြီး ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု (စိန်တောင်စကျင်ကနုတ်-၁ ခု လှူဒါန်း) | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၂၈၈၆။ | ဦးဇော်ဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း)နှင့်ဇနီး ဒေါ်ဇင်မာသွင်မိသားစု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၈၈၇။ | မိဘများအားအမှူးထား၍ မသီရိအောင် | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၈၈၈။ | MRTV ဝန်ထမ်းမိသားစု | တပ်ကုန်းမြို့ | ၂၆၀၀၀၀ |
| ၂၈၈၉။ | ဒေါ်ခင်မာဦး | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၂၈၉၀။ | ဦးမျိုးမြင့်ထွန်း | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၈၉၁။ | ဦးမျိုးမြင့်မောင်(အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေး ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်မြတ်မြတ်ထွေး (သား)မောင်ဝေယံထက်မင်း မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၂၈၉၂။ | ဦးကျော်ခင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး)(သား)ဦးသူရိန်ဝင်းမိသားစုကောင်းမှု | နေပြည်တော် | ၈၀၀၀၀ |
| ၂၈၉၃။ | မဝတ်မှုန်စံ | ထားဝယ်မြို့ | ၅၀၀၀၀ |
| ၂၈၉၄။ | ဒေါ်အေးနွဲ့ | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၈၉၅။ | ဒေါ်ငွေငွေရီနှင့်(သမီး)မအင်ကြင်းကိုကို | မော်လမြိုင်မြို့ | ၃၀၀၀၀ |
| ၂၈၉၆။ | ဦးဝင်းထွန်းနိုင်မိသားစု | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၈၉၇။ | ဦးဇော်မျိုးနောင်နှင့်ဇနီးဒေါ်သိဂီဆွေ (သမီး)သန့် မိသားစု (စိန်တောင်စကျင်ကနုတ်- ၁ ခုလှူဒါန်း) | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၂၈၉၈။ | ဖခင်ဦးမင်းထွန်း+မိခင်ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်ကြီး အောင်လင်းဦး+ဒေါ်မူမူအောင်(သမီး)မသျှင်နွယ်လင်း၊ မမေပန်းချီကို မိသားစု (လမ်းမီးတိုင်-၁ တိုင် လှူဒါန်း) | မြိတ်မြို့ | ၁၀၀၀၀၀၀ |
| ၂၈၉၉။ | ဦးဇော်ဇော်ဦး+ဒေါ်ငွေငွေခိုင် (သားကြီး)မောင်ခန့်ဇော်ဟိန်း၊ (သားငယ်) မောင်ခန့်ရဲရင့်ဟိန်း | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၂၉၀၀။ | ဦးဝင်းကျော်+ဒေါ်မြင့်မြင့်ထွေး (ကြံတောင်သူ၊ ပြန်ကပြေး)၊ (သမီး)မထက်ထက်ကျော်နှင့် သား၊ သမီး၊ မြေး၊ မိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၉၀၁။ | မြန်မာသစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ၊ မုံရွာသစ်ထုတ်လုပ်ရေးဒေသ၊ မော်လိုက်သစ်ထုတ်လုပ်ရေးဒေသ၊ တောင်ငူသစ်ထုတ်လုပ်ရေးဒေသ | နေပြည်တော် | ၄၅၀၀၀၀ |
| ၂၉၀၂။ | ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်သောင်းဝင်း (သမီး)ဒေါက်တာအေးငြိမ်းခိုင်(သား)ကိုရဲထက်ခေါင် (နဝရတ်စာရေးကိရိယာမိသားစု) | နေပြည်တော် | ၃၁၀၀၀၀ |
| ၂၉၀၃။ | ကျောက်စာချပ်စိစစ်တည်းဖြတ်ရေး အဖွဲ့စုပေါင်းကောင်းမှု | နေပြည်တော် | ၃၀၅၀၀၀ |
| ၂၉၀၄။ | ကက(ကြည်း)စစ်ဆင်ရေးမှ ဦးစီးအရာရှိများ | နေပြည်တော် | ၃၀၀၀၀၀ |
| ၂၉၀၅။ | ဦးတင်အောင် | ပြင်ဦးလွင်မြို့ | ၃၀၀၀၀၀ |
| ၂၉၀၆။ | ဗိုလ်မှူးကြီး တိုးလွင်နှင့်ဇနီး ဒေါ်ကြည်ကြည်လွင်မိသားစု | နေပြည်တော် | ၂၀၀၀၀၀ |
| ၂၉၀၇။ | ဒုအရာခံဗိုလ် မြင့်သန်း(ငြိမ်း) မိသားစုကောင်းမှု | နေပြည်တော် | ၂၀၀၀၀၀ |
| ၂၉၀၈။ | ဒုတိယရဲမှူး ကိုလေး(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းမြင့် မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၉၀၉။ | ဦးထွန်းမြင့်ဦးနှင့်ဇနီး ဒေါ်မာမာအေးမိသားစု | ကော့ကရိတ်မြို့ | ၅၀၀၀၀ |
| ၂၉၁၀။ | ဦးမောင်ကြိုင်နှင့်ဇနီးဒေါ်ထွေးကြည်မိသားစု (စိန်တောင်စကျင်ကနုတ်- ၁ ခု လှူဒါန်း) | မန္တလေးမြို့ | ၇၀၀၀၀၀ |

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း တိုင်းဒေသကြီး / ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အောက်ဖော်ပြပါ အရေအတွက်အတိုင်း လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ကချင်ပြည်နယ် | - | ၁ | နေရာ |
| (ခ) | ကယားပြည်နယ် | - | ၆ | နေရာ |
| (ဂ) | ကရင်ပြည်နယ် | - | ၃ | နေရာ |
| (ဃ) | ချင်းပြည်နယ် | - | ၂ | နေရာ |
| (င) | စစ်ကိုင်းတိုင်းဒေသကြီး | - | ၄ | နေရာ |
| (စ) | တနင်္သာရီတိုင်းဒေသကြီး | - | ၃ | နေရာ |
| (ဆ) | ပဲခူးတိုင်းဒေသကြီး | - | ၁ | နေရာ |
| (ဇ) | မကွေးတိုင်းဒေသကြီး | - | ၂ | နေရာ |
| (ဈ) | မန္တလေးတိုင်းဒေသကြီး | - | ၁ | နေရာ |
| (ည) | မွန်ပြည်နယ် | - | ၂ | နေရာ |
| (ဋ) | ရန်ကုန်တိုင်းဒေသကြီး | - | ၁၁ | နေရာ |
| (ဌ) | ရှမ်းပြည်နယ် | - | ၉ | နေရာ |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) ၃၀ - ၉ - ၂၀၂၂ ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( စ ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မည်သည့်မြို့နယ်တွင်မဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များ ပါဝင်ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန် )

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ( မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။ )

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၂-၉-၂၀၂၂ ရက်နေ့မှစတင် ထုတ်ပေးသွားမည်ဖြစ်ပြီး ၃၀-၉-၂၀၂၂ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်နှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပြီး အဆိုပါရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ ရုံးအမှတ် (၂၂)၊ နေပြည်တော် ] ဖုန်း - ၀၆၇-၃၄၁၀၄၂၂၃၊ ၀၆၇-၃၄၁၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဝင်းမာ ၅/ယမပ(နိုင်)၁၃၆၇၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၄၈၆၃၈၁**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရှိုင်းကိုကို ၅/ယမပ (နိုင်)၁၄၂၈၈၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၂၅၁၄၃၂**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီခိုင် ၅/ကနန(နိုင်)၁၄၆၈၈၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၁၅၇၀၄၈၁**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်မျိုး ၅/ကနန (နိုင်)၁၄၆၈၈၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၁၅၇၀၄၈၁**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သီဟဇော် ၅/မရန (နိုင်)၂၂၆၆၆၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြား ပေးပါရန်။

**ဖုန်း-၀၉-၉၅၅၀၀၁၅၀၀**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၃၄၇)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်နှင်းအေးလှိုင် (ဘ)ဦးစံထွန်း ၁၃/တခလ(နိုင်)၀၉၃၄၂၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နှင်းအေးလှိုင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲအပ်စာအမှတ် (၃၆၃၀/၂၀၂၂)၊ ၁၆-၈-၂၀၂၂ရရှိထားသူ ဦးမင်းနောင်ကျော်(ဘ)ဦးချစ်ငွေ ၉/မထလ(နိုင်)၂၁၉၅၇၅မှ ဒေါ်နန်းဖူးဖူးအွာ(ဘ)ဦးစောလှငွေ ၃/ဘအန(နိုင်)၂၃၇၄၃၄နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါ ရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သမဝါယမအသင်းစု အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ သမဝါယမအသင်းစုမှ အောက်ပါ ပစ္စည်းများ ရောင်းချမည်ဖြစ်ပါ၍ အိတ်ပိတ်တင်ဒါတင်သွင်းလိုသူများ အိတ်ပိတ်တင်ဒါ တင်သွင်းနိုင်ရန် ကြေညာအပ်ပါသည်-

(က) ဘုတလင်မြို့၊ မြဝတီရပ်ကွက်ရှိ (၀ဒသမ၀၃)ဧက မြေကွက်၊ ကွင်း ၁၂ လမ်းဆုံ

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ သိမ်ကြီးဈေး B ရုံ၊ ဆိုင်ခန်းအမှတ်(၄၁၂)၊ ဆိုင်ခန်း (၈ပေ ၈ပေ)

**လေလံလျှောက်လွှာတင်သွင်းရောင်းချမည့်ရက်** - ၂၃-၈-၂၀၂၂ရက်မှ ၈-၉-၂၀၂၂ရက်အထိ

**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ သမဝါယမအသင်းစုရုံး

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့၊ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည် ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလျှောက်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၈-၉-၂၀၂၂)ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဘုတလင်မြို့နယ် သမဝါယမအသင်းစုတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့်နောက်ရက် ၉-၉-၂၀၂၂ရက် နံနက် ၁၀ နာရီ တွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြို့နယ်သမဝါယမအသင်းစုရုံးသို့ လာရောက် ဆက်သွယ်မေးမြန်းရန်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 74W/66392, Deram 110, ယာဉ်လက်ဝယ်ရှိသူ Immortal Moe Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 74W/52877, Canda-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းဦး ၈/မမန(နိုင်)၁၈၀၃၅၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ် ၈၃၄၊ ဗန္ဓုလ ၂လမ်း၊ ဦးကျော်လှိုင်(KWA-၀၃၄၆၅၈) အမည်ပေါက် အကျယ်အဝန်း(၄၀x၆၀)ပေ ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀x၆၀)ပေ (ခေါင်းရင်းခြမ်း)၊(ပါမစ်မူရင်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးကို ၁၂/ခရန(နိုင်)၁၁၅၅၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးခိုင်ထွန်း**
**၇/ပခန(နိုင်)၂၂၈၄၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)**
**ဒေါ်တင်ဇာအေးကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊၀၉-၇၇၀၀၇၃၅၆၁**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၂)၊ (၆)ခန်းတွဲ (၄)ထပ်တိုက်၏ တတိယထပ်၊ အခန်းအမှတ်(၃၀၆)၊ အကျယ်(၆၂၅) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ တန်ဖိုးနည်းအိမ်ရာ အဆောက်အအုံတွင် ဒေါ်ခင်မမ (PRE-၁၄၀၃၃၉) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်အစပ်အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ခင်သူသူရီ ၁၂/မဂတ(နိုင်) ၀၁၄၁၉၁က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းနိုင်**
**အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)**
**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/D)၊ လူနေရပ်ကွက်အမှတ်(၆၅)၊ မြေကွက်အမှတ် ၅၁၊ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၄၄ဟုခေါ်တွင်သော အလျား ၈၆ပေ ၄လက်မ Xအနံ ၄၂ပေ၊ ဧရိယာ၀ဒသမ ၀၈၅ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂၅ပေ X၈၅ပေ အကျယ်အဝန်းရှိ မြေညီထပ်၊ အခန်းအမှတ် (A-1)(က-၁)၏ ကွန်ဒိုတိုက်ခန်းနှင့် ပထမထပ်ရှိ အခန်းအမှတ်(B-1)(ခ-၁)၏(၂၅ပေ X ၈၅ပေ) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ကပ်လျက်ရှိသော အခန်းအမှတ်(B-2)(ခ-၂)ဟုခေါ်တွင်သော ၂၅ပေX ၈၅ပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းတို့အား ၁၃-၇-၂၀၁၉ရက် ကတည်းက ကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဦးအောင်မျိုးခိုင် တို့ မောင်နှမ (၃) ဦးထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေသိရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သိမ့်သန္တာအောင်**
**အထက်တန်းရှေ့နေ**
**( စဉ်-၄၈၂၂၉/၂၀၁၆)**

**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၉၈၆/၂၀၁၇)**

**ရုံး-စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/7417,BaJAJ RE ယာဉ်လက်ဝယ်ရှိသူ ဦးထက်လင်း ၁၄/ကပန(နိုင်)၂၇၄၂၉၂ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၈၉၈၀, LuoJia-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၅/ဝသန(နိုင်)၀၂၃၀၂၄ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

---

## ကန့်ကွက်နိုင်ပါသည်

ပေါင်းတည်မြို့၊ ပျဉ်းပင်ကန်ရပ်ကွက်၊ မှတ်တိုင်လမ်း၊ အကွက်အမှတ်(၃၃)(ဘွဲ့ပင်ကန်ရပ်)၊ ဦးပိုင်အမှတ်(၁၈၀ᵃ)၊ မြေအမျိုးအစား-မြို့မြေဧရိယာ(၀ဒသမ၁၉၂)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံတို့ကို ပိုင်ရှင်ဦးလင်းအောင်နှင့်ဒေါ်နီလာဝင်းတို့မှ မြန်မာ့စီးပွားရေးဘဏ်တွင် ပေါင်နှံထား၍ ဒေါ်ညွန့်ညွန့်ဝေနှင့်မချိုချိုရည်တို့မှ အဆိုပါပေါင်နှံမှုအား ရွေးနုတ်ပြီး ဘဏ်နှင့်စာရင်းရှင်းလင်းပြီးနောက်အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြေညာသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန့်စင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၉၀)**
**ကမ်းနားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**
**ဖုန်း-၀၉-၄၃၀၈၄၇၃၁**

**ဒေါ်ချောစု(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၉၅)**
**ကံကော်လမ်းရွာဘဲရပ်ကွက်၊ ပြည်မြို့**
**ဖုန်း-၀၉၂၅၀၉၇၈၅၂၁**

---

## "ကုန်အမှတ်တံဆိပ်"သတိပေးတားမြစ်ကြေညာခြင်း




ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးဇော်မျိုးအောင်(၁၁/မပန(နိုင်)၀၇၁၂၉၆)သည် အထက်ဖော်ပြပါ G.F.C(Purified Drinking Water)ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်စာချုပ်အမှတ်(၄/၅၈၄၀/၂၀၂၂) ဖြင့်မှတ်ပုံတင်သွင်း၍ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျှက်ရှိပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ပါကုန်အမှတ်တံဆိပ်ကို ထင်ရှားစွာအသုံးပြုဖော်ပြပြီး "သောက်ရေသန့်"များကိုထုတ်လုပ်၍ ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ၏မူပိုင်ဖြစ်သော အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား တစ်ခုလုံးကိုထပ်တူညီဖြစ်စေ၊ အရောင်ပြောင်းလဲ၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မမှန်မကန်မိုငြမ်းတုပသုံးစွဲခြင်း၊ "သောက်ရေသန့်"များကို ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြရန် သတိပေးတားမြစ်ကြေညာပါသည်။ အကယ်၍မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ (လွှဲအပ်ညွှန်ကြား ချက်များအရ)

**ဦးသန့်ဇင် ( LL-B )**
**အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)**
**Ph-09 253995848**

**ဒေါ်ဟန်နွေနိုင်( LL-B )**
**အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)**
**Ph-09-4200 73685**

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၂) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅-ကံ့ဘဲ့)၊ မြေကွက်အမှတ် (၈၇/ဠ)၊မြေဧရိယာ ၀ဒသမ၁၁၅ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ (၁) ဒေါ်တင်တင်ဌေး(ဘ)ဦးမြဟန် ၁၂/မဂတ(နိုင်)၀၁၄၂၆၁၊ (၂)ဦးတင်အောင်ဝင်း(ဘ)ဦးမြဟန် ၁၂/မဂတ(နိုင်)၀၁၄၃၈၆ နှင့် (၃) ဦးခင်မောင်ဟန်(ဘ)ဦးမြဟန် ၁၂/ဗဟန(နိုင်)၀၄၇၇၉၃တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P, LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅**
**ဖုန်း-၀၉-၈၆၃၅၁၂၂**

**အမှတ် ၁၂၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ၅)ပေါင်းကူးဥဏစီမံချက်၊ ပေါင်းကူးဥဏရပ်ကွက်၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ်(၄၃၀)ဟုခေါ်တွင်သော (၀ဒသမ၄၃၀)ဧကရှိ နှစ်(၆၀)ဂရန်မြေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၆၀ x ၉၀)ပေရှိသောမြေနှင့် ယင်းမြေနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံကတိပြုသူထံသို့ ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရန်မျိုးအောင်**
**၅/ကလထ(နိုင်) ၁၅၂၂၀၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မိုး(ကော့မှူး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၇)**

**ဒေါ်သိမ့်သိမ့်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၇၆)**

**"ရွှေမိုးရိပ်" ဥပဒေအတိုင်ပင်ခံနှင့် ဥပဒေဆိုင်ရာအကျိုးဆောင်အဖွဲ့**
**ရုံး-အမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီးသုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖိုးချမ်း ၅/ယမပ (နိုင်)၁၂၃၃၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၉၁၈၆၁၄၇**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းမင်းလတ် ၅/ယမပ (နိုင်)၁၃၇၈၀၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၇၇၆၄၂၀၅၉၅၄**

---

### ဖခင်အမည်မှန်

